ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့(၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၇၃.၄၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသတွင်းကိစ္စ။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ နယ်မြေဒေသ တည်ငြိမ်ရေး။ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကော်မတီ အစည်းအဝေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဆွေးနွေးပွဲ။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကော်မတီ အစည်းအဝေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးငွေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဆားရယ်၊ ကယား(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကော်မတီအစည်းအဝေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊

ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆန်းရယ်၊ ကယား(၅)၊ ကော်မတီကိစ္စ။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကော်မတီအစည်းအဝေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ပါတီညီလာခံ။ ဗိုလ်မှူးကြီးဝင်းလွင်ဦး၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ပါတီညီလာခံ။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေကို ကျော်လွန်နေသော နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတို့ကို ပြင်ဆင်၊ ပယ်ဖျက်၊ ပြန်လည်တည့်မတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေကို ကျော်လွန်နေသော နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာ တို့ကို ပြင်ဆင်၊ ပယ်ဖျက်၊ ပြန်လည် တည့်မတ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်နှင့်တကွ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့နေရာမှာ ဥပဒေနဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၅ အဲဒီတော့ ပုဒ်မ ၃ မှာကတော့ ဤဥပဒေဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သော စီးပွားရေးလုပ်ငန်းများနဲ့ သက်ဆိုင်တယ်လို့ပါပါတယ်၊ ဒါ ဥပဒေမှာ နောက် ဥပဒေ ပုဒ်မ ၄ မှာ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းဖြင့် သတ်မှတ်သည်လို့ ပုဒ်မ ၄ မှာ ပါတယ်။ ဒီလုပ်ငန်းတွေဟာ (က)ကနေပြီးတော့မှ (ဋ)အထိ (၁၁)ချက်ပါ ပါတယ်။

ဒါဟာ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် အဖြစ်သတ်မှတ်တယ်ဆိုတဲ့ လုပ်ငန်းမျိုး ဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ ပုဒ်မ ၅ မှာကျတော့ ပုဒ်မ ၄ အရ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကော်မရှင်ဟာ နိုင်ငံတော်နှင့် နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက် ရယူခွင့်ပြုနိုင် တယ်လို့ ပါ ပါတယ်။ အဲဒီတော့ ကန့်သတ်တယ်၊ တားမြစ်တယ်၊ ကန့်သတ်တဲ့၊ တားမြစ်တဲ့လုပ်ငန်းတွေ ဖြစ်စေ ကာမူ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံသူ/နိုင်ငံသားတွေ နိုင်ငံတော်နဲ့ အကျိုးစီးပွား ရှိမယ်ဆိုရင် ခွင့်ပြုနိုင်တယ်လို့ ဥပဒေမှာ ဖွင့်ထားပါတယ်။ အဲဒီတော့ ဘယ်လောက်ပဲ ကန့်သတ်တာပဲ ဖြစ်ဖြစ်၊ တားမြစ်တာပဲဖြစ်ဖြစ် ဥပဒေမှာကတော့ ဒီလိုအကျိုးရှိရင် ပုဒ်မ ၅ အရ ခွင့်ပြုနိုင်တယ်လို့

ပါထားပါတယ်။ နောက်တစ်ခါ ဒီဥပဒေရဲ့ နည်းဥပဒေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရဲ့နည်းဥပဒေ၂၀ မှာ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း၊ ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေအချိုးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (၈၀)ထက် မကျော်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်လို့ ဖော်ပြထားတာ ရှိပါတယ်။ အဲဒီတော့ လုံးဝခွင့်မပြုဘူးဆိုတဲ့ လုပ်ငန်းမျိုးဟာ နိုင်ငံခြားသားနဲ့ ဥပဒေအရတော့ (၁၀၀)ရာခိုင်နှုန်းကိုပဲ ဆိုလိုရင်းဖြစ်တယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ အဲဒီတော့ နိုင်ငံသူ/ နိုင်ငံသားအတွက် အကျိုးရှိမယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ပေးနိုင်တယ်။ နိုင်ငံသူ/နိုင်ငံသားတွေကလည်း နိုင်ငံခြားသားနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မယ်ဆိုရင် ၈၀း၂၀ အချိုး ဆောင်ရွက်နိုင်တယ်လို့ဒီလို ကျွန်တော်တို့ ဖွင့်ထားတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ လေ့လာကြည့်တဲ့အချိန်မှာ ဒီဥပဒေမှာ ဒီလိုဖွင့်ဆိုထားတယ်၊ ဖွင့်ဆိုထားပြီးမှ နည်းဥပဒေမှာရှိတဲ့ ကော်မရှင် အဖွဲ့ရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်မှာ တစ်ခါ ပြန်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လေ့လာကြည့်တဲ့အချိန်မှာ ရင်းနှီးမြှုပ်နှံသူရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေမှာကျတော့ အားလုံးပေါင်း ပုဒ်မ ၁၂ ကော်မရှင်၏ လုပ်ငန်းတာဝန်အချက်တွေ ပြန်ပြီးတော့ ပြန်ကြည့်တဲ့ အချိန်မှာ ဒီလိုခွင့်မပြုရဘူး လုပ်ငန်းဆိုတာ ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာ ပါရှိခြင်း မရှိဘူး။ လုပ်ပိုင်ခွင့်မှာလည်း မရှိဘူး။ အဲဒီတော့ ဒါဖြင့်ဘယ်လိုထည့်ထားလိုက်လဲဆိုတော့ နည်းဥပဒေမှာကျတော့ သွားထည့်ထားတယ်။ နည်းဥပဒေမှာကျတော့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတာဝန်ရှိတယ်။ နောက်တစ်ခါကျတော့ ကျွန်တော်တို့ အနေနဲ့ နိုင်ငံတော် စီးပွားအကျိုးဖြစ်ထွန်းမယ်လို့ ယူဆပြီး တည်ဆဲဥပဒေနဲ့အညီလည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လိုအပ်သောစစ်ဆေးမှု လုပ်ပိုင်ခွင့်တွေချည်းပဲ ဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီဇယားကျတော့ အမိန့်ကြော်ငြာစာလည်း ထည့်လိုက်ရော အမိန့်ကြော်ငြာစာမှာကျတော့ ကော်မရှင် လုပ်ပိုင်ခွင့်နှင့်တာဝန်များ ၁၃၊ ၁၄၊ ၁၅၊ ၁၆ မှာမပါဘူး။ ဇယားမှာကျတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့် လုပ်ငန်းများ ဆိုပြီးတော့ တစ်ခါပြန်ပါလာတယ်။ ခွင့်မပြုသည့်လုပ်ငန်းများ၊ ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းများ စာရင်းဆိုပြီးတော့မှ ထည့်လိုက်တယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီလိုထည့်လိုက်တဲ့အတွက် (၁)ကနေ ပြီးတော့မှ (၁၀)(၁၁)အထိ ထည့်လိုက်တယ်။ ထည့်လိုက်တဲ့အချိန်မှာ ဓာတ်သတ္တုလုပ်ငန်း အသေးစား၊ အလတ်စား ထုတ်တဲ့လုပ်ငန်းတွေ တစ်ခါ ပါလာတယ်။ ဒီလုပ်ငန်းတွေဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ မှာ ခွင့်မပြုသည့်လုပ်ငန်း ဆိုပြီးတော့ သွားပြီးတော့ လုံးဝပိတ်ပစ်လိုက်တဲ့အတွက် ပထမဥပဒေမှာ နိုင်ငံသူ/ နိုင်ငံသားနဲ့ အကျိုးရှိမယ်ဆိုရင် ဆောင်ရွက်ပေးနိုင်တယ်။

နောက်တစ်ချက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ ကျွန်တော်တို့ သွားကြမယ်ဆိုရင် အချိုးက ၈၀း ၂၀ အချိုးလို့ ကျွန်တော်တို့ ဥပဒေမှာ ဖွင့်ထားတယ်။ နည်းဥပဒေမှာလည်း ဒီလို ပါတယ်။ အဲဒီတော့ နည်းဥပဒေကနေပြီးတော့မှ တစ်ဆင့်ပြန်ပြီးဆင်းလာတယ် ထင်ပြီးတော့ အမိန့်ကြော်ငြာစာ ထုတ်လိုက်တဲ့အချိန်ကျတော့ လုံးဝခွင့်မပြုတဲ့လုပ်ငန်း ဆိုပြီးတော့ ပါရှိလာတဲ့အတွက် ဥပဒေဟာ မူလမူရင်းဥပဒေက ဖွင့်ထားတယ်။ နည်းဥပဒေမှာကျတော့ ဒါကို အမိန့်ကြော်ငြာစာ ထုတ်နိုင်ဖို့တို့ ထပ်ပြီးတော့ ထည့်တယ်။ အမိန့်ကြော်ငြာစာမှာကျတော့ ခွင့်မပြုဘူးဆို လုံးဝ လုပ်ထားတဲ့အတွက် လုံးဝပိတ်သွားတာ ဖြစ်တယ်။ အဲဒီတော့ အဲဒီလို အမိန့်ကြော်ငြာစာမှာ လုံးဝပိတ်သွားတဲ့အတွက် မူလ

ပြဋ္ဌာန်းထားတဲ့ နိုင်ငံသား အကျိုးရှိမယ်ဆိုရင် ဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စတွေ၊ ၂၀း၈၀ အချိုးတွေက လုံး၀ ဥပဒေမှာ ဘာမှ ဆောင်ရွက်လို့ မရဘူးလို့ ဖြစ်သွားတဲ့သဘော ဖြစ်နိုင်တယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုက ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်း ၇ ပုဒ်မ ၁၂၊ ၁၃ ပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်မှာ မပါဘူး။ အဲဒီလုပ်ပိုင်ခွင့်ကို ကျင့်သုံးဖို့အတွက်ကို နည်းဥပဒေ ၄၊ ၅၊ ၇ တို့ကို ထည့်သွင်းပြီးတော့ နည်းဥပဒေမှာ သွားရေးဆွဲထားတယ်။ ၄၊ ၅၊ ၇ တွေရဲ့ ပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက် အခြေခံမှုနဲ့ ဆန့်ကျင်တဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား နည်းဥပဒေဇယား(၁)နဲ့ အမိန့်ကြော်ငြာစာ ၄၉/ ၂၀၁၄ ကို ထုတ်ပြန်ထားတဲ့အတွက် ဒီဥပဒေဟာ မူရင်းဥပဒေမှာ ဆောင်ရွက်နိုင်တယ် ဆောင်ရွက်နိုင်လို့ ဒီဥပဒေက ခွင့်ပြုပေးနိုင်တယ်ဆိုရင် အမိန့်ကြော်ငြာစာ သွားပိတ်ထားတယ်။ အဲဒီတော့ ဥပဒေတစ်ခု ပြဋ္ဌာန်းတယ် ဆိုတာသည် ဥပဒေက ခွင့်ပြုထားတယ်၊ ဆောင်ရွက်နိုင်တယ်။ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက် နိုင်ငံသူ/နိုင်ငံသားရဲ့ အကျိုးကြောင့် ဆောင်ရွက်နိုင်တယ်လို့ ထားပြီးတော့ အောက်က သွားပြီးတော့မှ နည်းဥပဒေ မှာ ဖြစ်စေ အမိန့်ကြော်ငြာစာမှာ သွားပိတ်ထားရင် တကယ်လို့များ ခွင့်ပြုခဲ့ရင် လုံး၀ အမိန့်ကြော်ငြာစာ သွားပိတ်ထားတဲ့အတွက် အဓိက Main ဥပဒေကို နည်းဥပဒေနဲ့ အမိန့်ကြော်ငြာစာ တွေက လုံး၀ ဆောင်ရွက်လို့ မရတာ ခွင့်မပြုနိုင်တဲ့လုပ်ငန်းလို့ ပါထားတယ်။

ဥပဒေမှာ ပြန်ကြည့်တော့လည်း ဒီအသုံးအနှုန်းကို ပြန်ကြည့်ပြန်တော့လည်း ဥပဒေမှာ ကန့်သတ်တဲ့လုပ်ငန်း၊ တားမြစ်သည့်လုပ်ငန်းလို့ ပါတယ်။ ဥပဒေမှာ တားမြစ်သည့်လုပ်ငန်း၊ ကန့်သတ်သည့်လုပ်ငန်း ဆိုရင် ဒီလုပ်ငန်းသည်လည်း တားမြစ်သည့်လုပ်ငန်း၊ ကန့်သတ်သည့်လုပ်ငန်း ဆိုပြီး ဆောင်ရွက်ပြီးတော့ တောက်လျှောက် ဒီစကားနဲ့ အရေးအသားနဲ့သွားရမှာ ဖြစ်ပါတယ်။ ဒါဖြင့် နိုင်ငံသူ/နိုင်ငံသား အကျိုးအတွက်ဆိုရင် ပြည်ထောင်စုအစိုးရခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်တယ်။ ဒီမှာ လုံး၀ခွင့်မပြုဘူး ဆိုပြီး လုပ်ထားတဲ့အတွက် ဥပဒေတွေဟာ လုံး၀ပိတ်ပင်သွားသလို ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားဟာ ဥပဒေဆိုတာ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ ဥပဒေဆိုတာ ရှင်းရှင်းလင်းလင်းနဲ့ ဆောင်ရွက်နိုင်အောင် လမ်းပေါက်က ဖွင့်ထားဖို့ လိုအပ် ပါတယ်။ ဥပဒေမှာ ဖွင့်ထားရင်းနဲ့ နည်းဥပဒေမှာသွားပြီးတော့ ပိတ်နေတယ်။ အမိန့် ကြော်ငြာစာမှာ သွားပြီး လုံး၀ပိတ်နေတယ်ဆိုရင် ဒီဥပဒေက ရေးဆွဲထားပြီးတော့မှ ကျွန်တော်တို့ ဒီဥပဒေဟာ အဓိပ္ပာယ် သက်ရောက်မှုနဲ့ တကယ်ဆောင်ရွက်မယ့် လုပ်ငန်းတွေမှာ အခက်အခဲတွေ လုံး၀ဖြစ်ပြီး ပိတ်သွားပါတယ်။

အခု ဒီနေ့ နိုင်ငံတော်ကနေပြီးတော့မှ အသေးစား၊ အလတ်စား၊ အကြီးစား လုပ်ငန်းတွေကို SME တွေ ဒီနေ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ ဒီနေ့ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းပြီးတော့ နိုင်ငံတော်အစိုးရအပါအဝင် ဆောင်ရွက်နေတဲ့အချိန်မှာ ဒီလို လုပ်ငန်းကို လုံး၀ ပိတ်လိုက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥပဒေဟာ အဓိက ဆောင်ရွက်ခွင့် အကျိုးရှိမယ်လို့ ပေးထားရင် နည်းဥပဒေမှာလည်း အဲဒီအတွက်ဆောင်ရွက်နိုင်ဖို့အတွက် နည်းလမ်း ပေးထားရမယ်။ အမိန့်ကြော်ငြာစာမှာလည်း တားမြစ်တဲ့လုပ်ငန်း၊ ကန့်သတ်တဲ့လုပ်ငန်း ပါရမယ်။ အကျိုးရှိရှိ ဆောင်ရွက် ပေးနိုင်မယ်၊ အမိန့်ကြော်ငြာစာက လုံး၀ခွင့်မပြုဘူးဆိုတော့ ကျွန်တော်တို့ အပေါ်က ဥပဒေနဲ့လုံး၀ Contradict ရှေ့နောက်မညီ ဖြစ်တဲ့အတွက် ဥပဒေကို ကျော်လွန်ပြီးတော့ နည်းဥပဒေ အမိန့်ကြော်ငြာစာ

ဟာ လုံးဝဆန့်ကျင်ရာ ရောက်နေတယ်လို့ ကျွန်တော့်အနေနဲ့ မြင်မိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ မေးခွန်းတစ်ခုအနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ စပ်လျဉ်းပြီးတော့ ဥပဒေကို ကျော်လွန်ပြီး ဥပဒေအရ ခွင့်ပြုသည့် လုပ်ငန်းများကို လုပ်ကိုင်ခွင့်မရရှိအောင် ပိတ်ပင်ဟန့်တားရေးဆွဲထားတဲ့ နည်းဥပဒေများကို ပြန်လည်သုံးသပ် ပြီးတော့မှ ဥပဒေနဲ့ ညီညွတ်အောင် ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ၊ ကျွန်တော်တို့မေးခွန်း (၂)အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ တို့သည် မူရင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ကျော်လွန် နေသည်များကို ပြန်လည်ပြင်ဆင်ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်း(၃)အနေနဲ့ နိုင်ငံသားများ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ရာမှာ ရှင်းလင်းလွယ်ကူ စေရန် အတွက် ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၂) ပုဒ်မ ၄ ပါ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများစာရင်းကို အမိန့်ကြော်ငြာစာနဲ့ ရှင်းရှင်းလင်းလင်း ထုတ်ပြန်ပေး နိုင်ခြင်း ရှိ/မရှိ ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမောင်မောင်သိမ်း (အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ လေးစားရ ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ရဲ့ကိုယ်စား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ ဘဏ္ဍာရေး ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်း မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်ယု ရဲ့ မေးခွန်း(၃)ခုကို တစ်ခုချင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ တချို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေရဲ့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေရဲ့ တစ်ချို့သော နည်းဥပဒေများသည် ဥပဒေကို ကျော်လွန်နေတယ်ဆိုတဲ့ ပထမမေးခွန်း ဖြစ်ပါတယ်။ ဥပဒေကို ကျော်လွန်တယ်ဆိုတဲ့ကိစ္စသည် ဥက္ကဋ္ဌကြီးနဲ့တကွ ဥပဒေပညာရှင်များ အားလုံး သိတဲ့အတိုင်းပါပဲ ကျွန်တော်တို့ ဥပဒေမှာတော့ ဒါကို Ultra Vires ဥပဒေကို ဘောင်ကျော်တယ် ဆိုပြီးတော့ သုံးပါတယ်။ အဲဒီတော့ ဥပဒေတစ်ခုကို ဘောင်ကျော်မကျော် ကြည့်တဲ့အခါမှာ အချက် နှစ်ချက်ကို ကြည့်ပေးပါတယ်။ ပထမတစ်ချက်ကတော့ Spirit of Law ဖြစ်ပါတယ်။ ဥပဒေရဲ့စိတ်ဓာတ် ဥပဒေရဲ့ရည်ရွယ်ချက် စသည်ဖြင့် ဒါတွေကို ခြုံငုံပြီး ပြောတာ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ဥပဒေရဲ့အရေးအသား Letter of Law ဖြစ်ပါတယ်။ အဲဒီ(၂)ချက်ကို ကြည့်ပြီးမှသာလျှင် ဥပဒေကို ဘောင်ကျော်/မကျော် ဆုံးဖြတ်လေ့ရှိပါတယ်။ ရှိတော့ ပထမတစ်ချက်ဖြစ်တဲ့ Spirit of Law ကြည့်မယ် ဆိုလို့ရှိရင် မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုတာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး လုပ်ပိုင်ခွင့်ပေးဖို့ကိစ္စတွေပဲ ပြောဖို့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံအကျိုးမရှိတဲ့ မြန်မာနိုင်ငံသူ/ နိုင်ငံသား

များအတွက် အကျိုးမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ခွင့်မပြုဘူးဆိုတဲ့သဘောက သူ့မှာပါပြီးသား ဖြစ်ပါတယ်။ ဒါ Spirit of Law ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျိုးကြောင်းဖော်ပြချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ အချက်ကတော့ နည်းဥပဒေ ၄၊ ၅၊ ၇ က ဥပဒေကို ကျော်တယ်ဆိုတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေရဲ့ ပုဒ်မ ၃ မှာက ဒီဥပဒေနဲ့သက်ဆိုင်ရမယ့် စီးပွားရေးလုပ်ငန်းများကို ကော်မရှင်အနေနဲ့ အမိန့်ကြော်ငြာစာနဲ့ သတ်မှတ်နိုင်တယ်လို့ ပြောထားပါတယ်။ အမိန့်ကြော်ငြာစာ သတ်မှတ်နိုင်တယ်ဆိုတာကို တစ်ကြောင်းတည်းပဲ ပြောထားပြီးတော့ မည်ကဲ့သို့မည်သို့သော အကြောင်းအရာများကို အမိန့်ကြော်ငြာစာနဲ့ သတ်မှတ်မယ်ဆိုတာကို အသေးစိတ် ဖော်ပြထားခြင်း မရှိပါဘူး။ မရှိတဲ့အတွက် အဲဒါကို ရှင်းလင်းတဲ့အနေနဲ့ နည်းဥပဒေ ၄၊ ၅၊ ၇ တို့မှာ အသေးစိတ် ထပ်ပြီး ဖော်ပြတာ ဖြစ်ပါတယ်။ အဲဒီလို ထပ်ပြီးတော့ ရှင်းလင်းတဲ့အနေနဲ့ ဖြည့်စွက်ပြီး အသေးစိတ်ဖော်ပြတာ ဖြစ်တဲ့အတွက် နည်းဥပဒေ ၄၊ ၅၊ ၇ တို့ဟာ ဥပဒေကို ကျော်တယ်လို့ ပြောလို့ မရပါဘူး။ ဒါကြောင့်မို့လို့ သူ့ကို ပြင်ဆင်ပေးဖို့ အကြောင်းလည်း မရှိပါဘူး။ မေးခွန်းနံပါတ်(၂)ကတော့ အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ က ဥပဒေရဲ့ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်တယ်ဆိုပြီးတော့ ပြောထားတာ ဖြစ်ပါတယ်။ ဥပဒေ ပုဒ်မ ၄ မှာက ကန့်သတ်ထားသော တားမြစ်ထားသော လုပ်ငန်းတွေကို ဖော်ပြ ထားတာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဥပဒေပုဒ်မ ၅ မှာကျတော့ အဆိုပါ ကန့်သတ်ထားတဲ့၊ တားမြစ်ထားတဲ့ လုပ်ငန်းများကို တိုင်းရင်းသားပြည်သူများအကျိုးအတွက် လိုအပ်လို့ရှိရင် ကော်မရှင်က ခွင့်ပြုနိုင်တယ်ဆိုပြီးတော့ ပုဒ်မ ၅ မှာ ထပ်ပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ ခွင့်ပြုနိုင်တယ် ဆိုတဲ့ စကားလေးပဲ ပါပါတယ် ခင်ဗျာ။ ခွင့်ပြုရမယ်ဆိုတာ မပါပါဘူး။ အဲဒီတော့ ခွင့်ပြုနိုင်တယ်လို့ ပြောထားတဲ့အတွက်ကြောင့် ခွင့်ပြု၍လည်း ရတယ်။ ခွင့်မပြုလည်းဘဲရတယ် ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ အဲဒီတော့ ၄၉/၂၀၁၄ ဟာ ခွင့်မပြုတဲ့လုပ်ငန်းများကို ပြဋ္ဌာန်းခြင်းဖြစ်တဲ့အတွက် ဒါလည်းပဲ ပုဒ်မ ၅ ကို ဆန့်ကျင်တယ်လို့ ပြောလို့မရပါဘူး။ ကျော်လွန်တယ်လို့ ပြောလို့မရပါဘူးခင်ဗျား။ ဒါကြောင့် ပြင်ဆင်ပေးဖို့ မရှိပါဘူး။

နောက်တစ်ခါ ခွင့်ပြုတဲ့လုပ်ငန်း ဆိုတာကလည်း အခု ခွင့်ပြုတယ်၊ နောက် ခွင့်မပြုဘူး။ ထို့အတူ ခွင့်မပြုတဲ့လုပ်ငန်းဆိုတာလည်း အခြေအနေကိုလိုက်ပြီးတော့ နောက် ခွင့်ပြုမယ်ဆိုတာမျိုး တွေလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်းပဲ သိပ်စိုးရိမ်သောက ဖြစ်နေစရာ အကြောင်းမရှိပါဘူး ခင်ဗျာ။

နောက်ဆုံးမေးခွန်းကတော့ ပုဒ်မ ၄ မှာပါတဲ့ ကန့်သတ်တားမြစ်ထားတဲ့ လုပ်ငန်းများကို အသေးစိတ်စာရင်းနဲ့ ဖော်ပြပေးနိုင်မလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကန့်သတ်ထားတဲ့၊ တားမြစ်ထားတဲ့လုပ်ငန်းများဟာ အခုကန့်သတ်တားမြစ်တာ ဖြစ်ပေမယ့် နောင်မှာ ပြန်ပြီးတော့ ဖွင့်ပေး တာလည်း ဖြစ်နိုင်ပါတယ်။ ထို့အတူ အခုဖွင့်ပေးထားတဲ့ လုပ်ငန်းများဟာလည်း နောင် အခြေအနေ ပြောင်းသွားတဲ့အခါမှာ ပြန်ကန့်သတ် တားမြစ်တာလည်းပဲ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်း အသေးစိတ်ကို သတ်မှတ်ဖို့ခက်ပါတယ်။ ထိုကဲ့သို့ ခက်တဲ့အတွက်ကြောင့် ဥပဒေမှာကတော့ မျိုးရင်း ကြီးတွေပါ။ မျိုးရင်းကြီးတွေကို (Generic Term) အနေနဲ့ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ မျိုးစိတ်တွေ ကိုတော့ အသေးစိတ်ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ မျိုးရင်းကြီးများကို ပြဋ္ဌာန်းတဲ့အခါမှာ (Generic

Term)အနေနဲ့လည်းပဲ ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒါကို ကျွန်တော်တို့ အသေးစိတ်ထပ်မံပြဋ္ဌာန်းဖို့ မရှိပါဘူး။ သို့သော်လည်း နောက် လိုအပ်လာတဲ့အချိန်မှာတော့ ပြဋ္ဌာန်း သွားဖို့ရှိပါတယ် ဆိုတဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ် ခင်ဗျား။

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းနည်းလေး ပါပဲ ကျွန်တော့်အနေနဲ့။ ကျေးဇူးလည်း တင်ပါတယ်။ ဒီဥပဒေမှာက တကယ်ဆောင်ရွက်ရမယ့် နိုင်ငံသူ/ နိုင်ငံသား၊ လက်တွေ့လုပ်ငန်းအပေါ်ပေါ့။ နိုင်ငံသား တိုင်းရင်းသားတွေပေါ့။ ဆောင်ရွက်တဲ့အတွက် ခုနကပြောသလိုပေါ့ ကျွန်တော်ကို ဒါ ရှင်းလင်းတင်ပြပေးတာလည်း ကျေးဇူးတင်ပါတယ်။

အဓိကအရေးကြီးတာကတော့ ရှင်းသွားဖို့ပေါ့။ ဥပဒေဆိုတာကတော့ ပိုရှင်းသွားအောင် ခုနက ဇယားအနေနဲ့ အသေးစိတ်ထည့်ပေးပါဆိုတဲ့ကိစ္စကတော့ အချိန်တန်ရင် ဆောင်ရွက်ပေးပါမယ် ဆိုတာ ကတော့ ကျွန်တော်တို့ နားလည်ပါတယ်။ အဓိကအရေးကြီးတာကတော့ ခွင့်မပြုတာရယ်၊ ကန့်သတ် တာရယ်၊ တားမြစ်တာရယ်။ အဲဒီတော့ ဥပဒေမှာ ကန့်သတ်တယ်၊ တားမြစ်တယ်၊ နိုင်ငံသားအကျိုး အတွက် ဆောင်ရွက်ပေးနိုင်ရင် ဆောင်ရွက်ပေးမယ်၊ ဒီလိုလမ်းကြောင်းဟာ တည့်ထားပါတယ်။ အဲဒီတော့ ဒီဘက်မှာကျတော့ အမိန့်ကြော်ငြာစာမှာကျတော့ လုံးဝခွင့်မပြုဆိုတဲ့ ပုံစံလေးဖြစ်သွားတာကို ကျွန်တော်က တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒါတွေကိုလည်း နိုင်ငံသူ/နိုင်ငံသားအကျိုးအတွက် ဖြစ်နိုင်မယ်ဆိုရင် ဆောင်ရွက်ပေးနိုင်ရမယ်ဆိုတဲ့ အချက်အလက်တော့ ကျွန်တော်တို့ အသက်ဝင်ဖို့ လိုပါတယ်။ နောက် တစ်ချက်က ကန့်သတ်တယ်၊ တားမြစ်တယ်။ ဒီစကားအတိုင်းပဲ။ ကန့်သတ်တယ်၊ တားမြစ်တယ်။ ဒါပေမဲ့ နိုင်ငံသားအကျိုးအတွက် ဆောင်ရွက်ပေးနိုင်မယ်။ ဆောင်ရွက်ပေးမယ်ဆိုရင် ခွင့်ပြုပေးနိုင်တယ် ဆိုတာကို ပိုမိုရှင်းရှင်းလင်းလင်းလေး ပိုဆောင်ရွက်ပေးနိုင်ပါ့မလား ဆိုတာလေး ကျွန်တော် ထပ်ဆင့် မေးချင်ပါတယ်။

ဘာလို့လည်းဆိုတော့ ဥပဒေတစ်ခုဆိုတာတော့ တကယ်ဆောင်ရွက်ရမယ့် နိုင်ငံသူ/နိုင်ငံသား တွေအနေနဲ့ ဥပဒေကို ရှင်းရှင်းလင်းလင်း ဥပဒေ ဖတ်မယ်၊ နည်းဥပဒေ ဖတ်မယ်။ အမိန့်ကြော်ငြာစာတွေ ကြည့်ပြီးတော့ ဒီလုပ်ငန်းတွေ ဆောင်ရွက်သွားမှာကျတော့ ဥပဒေဆိုတာပိုပြီး ရှင်းလင်းလွယ်ကူပြီးတော့ နိုင်ငံသူ/နိုင်ငံသားတွေအကျိုးအတွက် သူတို့လည်း ပိုနားလည်ပြီး ဆောင်ရွက် နိုင်အောင်၊ ပိုပြီးတော့ ရှင်းလင်းအောင် ဆောင်ရွက်ပေးနိုင်ဖို့လိုမယ်လို့ ဒါလေးကိုလည်း ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ခွင့်ပြုတာရယ်၊ တားမြစ်တာရယ်၊ ပိတ်ပင်တာရယ် ဆိုတဲ့ကိစ္စတွေက သာမန် အားဖြင့် ရှင်းသွားအောင် ဘယ်လိုမျိုး ဆောင်ရွက်ပေးနိုင်ပါ့မလဲဆိုတာကို ထပ်ဆင့်ပြီးတော့ ကျွန်တော့် အနေနဲ့ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း (အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ဟုတ်ကဲ့။ ထပ်ပြီးတော့ မေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဥပဒေရေးတဲ့အခါမှာ ရှင်းလင်း ရမယ်။ သံသယပွားစရာ၊ ဒွိဟဖြစ်စရာမရှိအောင် ရှင်းလင်းရမယ်ဆိုတဲ့ လမ်းညွှန်ချက်တွေ ရှိပါတယ်။ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂)ခုကို ပြန်ပေါင်းပြီးတော့ အသစ်ရေးနေတာ ရှိပါတယ်။ ရှိနေတော့ အဲဒီလို အသစ်ရေးတဲ့

အခါမှာ ခုနက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ထောက်ပြထားတဲ့ အချက်တွေကို ထည့်သွင်းစဥ်းစားပြီးတော့ လုပ်သွားမှာပါ။ ဒီဥပဒေတွေကလည်း လွှတ်တော်ကို တက်လာတဲ့အခါမှာ လွှတ်တော်အနေနဲ့ ဒါကို အသေးစိတ် ထပ်မံပြီးတော့ ပြုပြင် Editing လုပ်ပေးလို့ ရပါတယ်။

နောက်တစ်ချက်ကလည်း ခွင့်ပြုတယ်၊ ခွင့်မပြုဘူး။ ခုနကကိစ္စတွေအားလုံးဟာ သမ္မုတိ သစ္စာတွေ ဖြစ်ပါတယ်။ ထာဝရသစ္စာ (Absolute Truth)တွေ မဟုတ်တဲ့အတွက် အခု ခွင့်ပြုပေမယ့် နောက်လည်း ခွင့်မပြုဘဲဖြစ်နိုင်သလို အခု ခွင့်မပြုတာကလည်းပဲ နောက်ပိုင်းမှာ ခွင့်ပြုတာ ဖြစ်နိုင် တဲ့အတွက် ဒါလည်းပဲ ကျွန်တော် ခုနက တင်ပြခဲ့တဲ့အတိုင်းပဲ အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီး တော့ ပြောင်းလဲသွားမှာဖြစ်တဲ့အတွက် သိပ်ပြီးတော့ စိုးရိမ်ပူပန်မှုလည်း ရှိစရာမလိုပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း- ညောင်ကျိုး လမ်းပေါ်ရှိ ဆင်သေရွာနှင့် ယက္ကန်းစင်ရွာကြား ဆင်ပုံချောင်း တံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း - ညောင်ကျိုး လမ်းပေါ်ရှိ ဆင်သေရွာနှင့် ယက္ကန်းစင်ရွာကြား ဆင်ပုံချောင်း တံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်မှာရှိတဲ့ မဲဇလီကုန်း - ညောင်ကျိုး ဆက်သွယ်ရေးလမ်းမှာ ဆင်သေရွာနှင့် ယက္ကန်းစင်ကျေးရွာကြား လမ်းပိုင်းပေါ်ရှိ ပျက်စီးနေတဲ့ ဆင်ပုံ ချောင်းတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းမှာ ရှိတဲ့ မဲဇလီကုန်း-ညောင်ကျိုးလမ်းဟာ အရှည် (၁၂)မိုင်ရှည်လျားပြီး အထက်ပါ မဲဇလီကုန်း-ညောင်ကျိုး ကို ဆက်သွယ်ပေးထားတဲ့ လမ်းဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုပေါင်း (၁၀)အုပ်စုနှင့် ဒေသခံပြည်သူ ငါးသောင်းကျော်တို့ ကူးသန်းသွားလာ အားထားရတဲ့ တစ်ခုတည်းသောလမ်း ဖြစ်ပါတယ်။

ဒေသအတွင်းမှာနေထိုင်ကြတဲ့ ပြည်သူများဟာလမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့ ဆင်းရဲနွမ်းပါးလျက်ရှိတာကို တွေ့ရှိပါတယ်။ မဲဇလီကုန်းမှ ဆင်သေရွာ အထိ အရှည်(၅)မိုင်လမ်းပိုင်းဟာ ကျောက်ချောခင်းလမ်းဖြစ်ပြီး ဆင်သေရွာနဲ့ ယက္ကန်းစင်ရွာကြား လမ်းပိုင်း(၃)မိုင်နှင့် ယက္ကန်းစင်ရွာမှ ညောင်ကျိုးရွာအထိ လမ်းပိုင်း(၄)မိုင်တို့ဟာ ကိုယ့်အားကိုယ်ကိုးနှင့် ကျေးရွာအလှူရှင်တို့ရဲ့ လှူဒါန်းပါဝင်မှုဖြင့် မြေသားလမ်းအဖြစ် ဆောင်ရွက်ခဲ့ ပြီးတော့ ယခုအခါမှာတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဥ်ဖြင့် မြေသားလမ်း မြှင့်တင်ဖို့ခြင်း၊ ကျောက်ချောခင်းလမ်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဆင်သေရွာနှင့် ယက္ကန်းစင်ရွာကြားလမ်းပိုင်းပေါ်ရှိ ဆင်ပုံချောင်းတံတား ဒေသအခေါ် အားဖြင့် ဦးလွန်းမောင်တံတား အရှည်ပေ(၁၀၀) သစ်သားတံတားမှာလည်း ကျေးရွာလူထု လုပ်အားနှင့် ကျေးရွာတစ်ဦးတည်း အလှူရှင်တို့ရဲ့ လှူဒါန်းမှုနှင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီးတော့ မိုးအခါမှာ ရေစီးကြမ်းမှု၊ တံတားသက်တမ်း ကြာမြင့်လာမှုတို့ကြောင့် ပျက်စီးလာပြီးတော့ တံတား လက်ရန်းများ ပြုတ်ထွက်ကုန်ခြင်း၊ အခင်းများကျိုးပေါက်ခြင်းနှင့် တံတားတိုင်များ ယိုင်နဲ့လာခြင်း တို့ကြောင့် ဆက်သွယ်သွားလာရေး အခက်အခဲများစွာ ဖြစ်ပေါ်လျက် ရှိပါတယ်။

ဒ့ါအပြင် တံတားယိုင်နဲ့ ပေါက်ပြဲမှုကြောင့် ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ ခရီးသွားလာတဲ့ ကုန်ရောင်း ကုန်ဝယ် ခရီးသွားများ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသူကျောင်းသားများ အလွန်အန္တရာယ် များပြီးတော့ ထိခိုက်မှုများ ကြုံတွေ့နေရပါတယ်။ သို့အတွက်ကြောင့်လည်း ရာသီမရွေး သွားလာနိုင်ပြီး ရေရှည်ခိုင်ခံ့တဲ့ ကွန်ကရစ်တံတား တစ်ခုအဖြစ် တည်ဆောက်ပေးရေး ဒေသခံပြည်သူများ အထူးလိုလား လျက်ရှိပါတယ်။

အထက်ပါ ကွန်ကရစ်တံတား ပြီးစီးသွားပါက ရာသီမရွေး ယာဥ်မျိုးစုံ သွားလာနိုင်ပြီး မလိုလားအပ်တဲ့ ဘေးအန္တရာယ်များနှင့် ကင်းဝေးတော့မှာဖြစ်တဲ့အပြင် ဒေသခံများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မဲဇလီကုန်း-ညောင်ကျိုးလမ်း၊ ဆင်သေရွာနှင့် ယက္ကန်းစင်ရွာအကြား လမ်းပိုင်းပေါ်ရှိ ဆင်ပုံချောင်းတံတား အရှည်(၁၀၀)ပေအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက် ပေးပါရန် အစီအစဥ် ရှိ/မရှိ နှင့် အစီအစဥ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပခုက္ကူမြို့နယ်အတွင်းရှိ ကန်တော်၊ ကန်ရပ်၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်၊ အနောက်ချောက်ကန် ကျေးရွာများသို့ ဆက်သွယ်သည့်လမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ်အတွင်းရှိ ကန်တော်၊ ကန်ရပ်၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်၊ အနောက်ချောက်ကန် ကျေးရွာများသို့ ဆက်သွယ်သည့်လမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပခုက္ကူမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သော ကန်တော်ကျေးရွာ၊ ကန်ရပ်ကျေးရွာ၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်နဲ့ အနောက်ချောက်ကန်ကျေးရွာများသို့ ဆက်သွယ် သွားလာသည့်လမ်းအား ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပခုက္ကူမြို့နယ်အတွင်း ဖော်ပြပါ ကျေးရွာများဖြစ်သော ကန်တော်ကျေးရွာ၊ ကန်ရပ်ကျေးရွာ၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်နဲ့ အနောက်ချောက်ကန်ကျေးရွာများဟာ ပခုက္ကူမြို့နဲ့ (၁၀)မိုင်အတွင်း တည်ရှိကြတဲ့ ကျေးရွာများဖြစ်ကြ ပါတယ်။ ၎င်းကျေးရွာများမှာ အိမ်ထောင်စု(၂၅၂၉)စု၊ လူဦးရေ (၁၂၄၇၅)ဦး နေထိုင်ကြပြီး အများ အားဖြင့် လယ်ယာလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြရပါတယ်။ အများအားဖြင့် လူမှုဘဝ ဖွံ့ဖြိုးမှုနည်းပါးသော ကျေးရွာများဖြစ်ကြပြီးမိုးနည်းရေရှားဒေသဖြစ်တဲ့ အပူပိုင်းဒေသ ဖြစ်သည့် အတွက် စိုက်ပျိုးရေးလုပ်ငန်းများမှာ မိုးကိုအားကိုးပြီး စိုက်ပျိုးကြရသဖြင့် အဆင်ပြေမှု နည်းပါးကြရပါတယ်။ ၎င်းကျေးရွာများရှိပြည်သူများမှာ ပခုက္ကူမြို့သို့ လယ်ယာသီးနှံများ ရောင်းဝယ်သွားလာရာတွင် လည်းကောင်း၊ ပခုက္ကူမြို့သို့ သွားရောက်ပြီး လက်လုပ်လက်စားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြ ရာတွင် လည်းကောင်း၊ ကျောင်းသား/ကျောင်းသူများ အထက်တန်းပညာ မြို့ပေါ်ကျောင်းများသို့ သွားရောက်ပညာသင်ကြားရာမှာလည်းကောင်း၊ ကျန်းမာရေးအတွက် အရေးပေါ် မြို့သို့ သွားရောက် ကုသ ကြရာတွင်လည်းကောင်း အဆိုပါလမ်းကို အသုံးပြုပြီး သွားလာကြရပါတယ်။

၎င်းကျေးရွာများမှ ကန်တော်ကျေးရွာဟာ ပခုက္ကူ-ပေါက်-မင်းတပ် ကားလမ်းမပေါ်မှာ တည်ရှိ ပြီးတော့ ကျန်ကျေးရွာများကတော့ ကုန်းတွင်းဘက်မှာ တည်ရှိတာ ဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ မြေသားလမ်းမှာ ခြောက်သွေ့ရာသီအချိန်တွင်သာ သွားလာရေးအဆင်ပြေပြီး မိုးရာသီအချိန်များမှာ

လမ်းမှာ ရွံ့နွံဗွက်အိုင်များနဲ့ ပျက်စီးနေပြီး မိုးရွာပြီး တစ်ပတ်ဆယ်ရက်ခန့် ကြာမှသာ လမ်းမြေသား ခြောက်သွေ့သွားမှ သွားလာနိုင်ကြပါတယ်။ အဆိုပါလမ်းအားအဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ပခုက္ကူမြို့နယ်မှ ကျေးရွာများအပြင် မြိုင်မြို့နယ်မှ ကျေးရွာများ ဖြစ်သည့် စိုင်ဂေါင်း၊ ဒဟတ်ချောက်၊ သမင်ဘုတ်ကျေးရွာများမှ ပြည်သူများလည်း သွားလာ၍ အဆင်ပြေပြီး မြို့နယ်ချင်းဆက်လမ်းအဖြစ် လည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ၎င်းလမ်းရဲ့ အရှည်ဟာ (၈)မိုင်ခန့်ရှည်လျားပြီး ပခုက္ကူမြို့အနီး ကျေးရွာများအား ဆက်သွယ်သွားလာနိုင်တဲ့ မြို့နယ်ပတ်လမ်း အဖြစ်လည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကန်တော်ကျေးရွာ၊ ကန်ရပ်၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်၊ အနောက်ချောက်ကန်ကျေးရွာများသို့ ဆက်သွယ်သွားလာ သည့်လမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ငွေးချို-ထောက်မ-စာရပေ-စောင်းတန်းကြီး-ဝါးရှိ-နတ်ရွာ-ဆင်ပေါင်ဝဲ ကျေးရွာ ချင်းဆက် မြို့တက်လမ်းကို ရာသီမရွေး သွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ ငွေးချို-ထောက်မ-စာရပေ-စောင်းတန်းကြီး-ဝါးရှိ-နတ်ရွာ-ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက် မြို့တက်လမ်းကို ရာသီမရွေး သွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အထူးဖိတ်ကြားထားပါသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြမေးမြန်း သွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ငွေးချို-ထောက်မ-စာရပေ- စောင်းတန်းကြီး-ဝါးရှိ-နတ်ရွာ-ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက်လမ်းမကြီးကို ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ရာသီမရွေးသွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် တည်ဆောက်ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ မကွေးတိုင်း ဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရဲ့ ပထဝီအနေအထားကို စတင်တင်ပြသွားလိုပါတယ်။ ဆင်ပေါင်ဝဲမြို့နယ် ဟာ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ကပ်လျက်တည်ရှိပါတယ်။ ဒါပေမဲ့ မြို့နယ်ပိုင်ကျေးရွာတွေရဲ့ (၈၀) ရာခိုင်နှုန်းဟာ ဧရာဝတီမြစ်နဲ့ ပြည်-အောင်လံ-မကွေး အဝေးပြေး ကားလမ်းမကြီးအကြားမှာ

လည်းကောင်း၊ တစ်ဖန် ယင်းလမ်းမကြီးနဲ့ အရှေ့ဘက် ဖရုံကြိုးဝိုင်းအဆုံး နေပြည်တော် လယ်ဝေးမြို့နယ် နယ်စပ်အထိလည်းကောင်း ပြန့်ကျဲတည်ရှိနေတာကို လေ့လာတွေ့ရှိ ကြရမှာ ဖြစ်ပါတယ်။

မြို့ရဲ့တည်နေရာဟာ မြို့နယ်ရဲ့ အလယ်ဗဟိုခန့်မှာ မတည်ရှိဘဲ အစွန်းတစ်ဖက်မှာ တည်ရှိနေတာကြောင့် ကျေးလက်နေပြည်သူတွေဟာ မိမိမြို့သို့ မိမိသွားဖို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတာကို တွေ့မြင်နိုင်ပါတယ်။ ထင်ရှားသော ကျေးလက်လမ်းဟူ၍ မရှိသေးပါ။ ခေတ်အဆက်ဆက်မှာလည်း မဖောက်လုပ်နိုင်ခဲ့ပါ။ ပညာရေးမှသည် ကျန်းမာရေးအဆုံး မိမိတို့မြို့ မိမိတို့ မမှီခိုနိုင်ဘဲ ဖြစ်နေကြပါတယ်။ ပတ်ဝန်းကျင်မြို့နယ်တွေကို အားကိုးအားထားပြုနေရတော့ လုပ်ငန်းအားလုံး အဆင်မပြေပါဘူး။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်ဟာ အခြားမြို့နယ်တွေနဲ့နှိုင်းယှဉ်လေ့လာမယ်ဆိုရင် အစစအရာရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။ မြို့ဟာလည်း တည်နေရာ ချောင်ကျတဲ့အတွက် ရောက်ဖူးသူပင် အလွန်ရှားပါလိမ့်မယ်။ ဒါကြောင့် ဆင်ပေါင်ဝဲမြို့နယ်ရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ယခုထက် အရှိန်အဟုန်မြှင့်၍ ဆောက်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဆင်ပေါင်ဝဲမြို့နယ်မှာ ၂၀၁၄ ခုနှစ်၊ ရွှေ့ပြောင်းလူဦးရေစာရင်းအရ လူဦးရေ (၁၁၇၅၁၄) ရှိပါတယ်။ မြို့ဟာ သေးငယ်ပြီး လူဦးရေရဲ့ (၈၀) ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အဓိက အထောက်အကူပြုမည့် ကျေးရွာချင်းဆက်လမ်းတွေ တည်ဆောက်ပြုပြင်ပေးရန် လိုအပ်လျက် ရှိပါတယ်။ ပြည်-အောင်လံ-မကွေး အဝေးပြေးကားလမ်းမကြီးနဲ့ ဧရာဝတီမြစ်အကြားနေ ကျေးလက်ပြည်သူတွေအတွက် ကျေးရွာချင်းဆက်လမ်းတွေ ပေါ်ပေါက်လာစေဖို့၊ ကျေးရွာချင်းဆက် မြို့ကိုတက် ဟူသော ဆောင်ပုဒ်နှင့်အညီ ကျေးရွာချင်းဆက်လမ်းတွေမှတစ်ဆင့် မြို့ပေါ်ရောက်သွားဖို့အတွက် ယခုတင်ပြမည့် ဝွေးချို - ထောက်မ - စာရပေ - စောင်းတန်းကြီး - ဝါးရှိ - နတ်ရွာ - ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက် လမ်းမကြီးကို မြေနီကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးပါရန် လိုအပ်လျက် ရှိပါတယ်။

အထူးသဖြင့် ကားလမ်းမကြီးနဲ့ မြစ်အကြားမှာရှိနေကြတဲ့ ကျေးရွာများဟာ မြစ်နဲ့လည်းမနီး၊ ကားလမ်းမကြီးနဲ့လည်းမနီး စကောစက တောမရောက် တောင်မရောက် ဖြစ်နေသောကြောင့် ကျေးရွာချင်းဆက်သော မြို့တက်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ ဝန်းကျင်ကျေးလက်နေ ပြည်သူ (၄၀၀၀၀)ကျော်တို့က ဆန္ဒပြုတင်ပြလျက်ရှိကြပါတယ်။ ဤလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဆိုရင် နတ်ရွာမှတစ်ဆင့် ဆင်ပေါင်ဝဲမြို့ပေါ်ကို အလွယ်တကူ ရောက်ရှိသွားမှာ ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤကျေးရွာချင်းဆက် လမ်းမကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ကျေးလက်ပြည်သူတို့၏ တင်ပြလာချက် အပေါ် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဆင်ပေါင်ဝဲမြို့နယ်ကော်မတီ (၃)ရပ်တို့ရဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာ တင်ပြဆွေးနွေးခဲ့ကြပါတယ်။ မြို့ကိုတက်နိုင်တဲ့ ဖြတ်လမ်းဖြစ်ပြီး ကားလမ်းအရှေ့ဘက် အပြင်ကားလမ်းနှင့် မြစ်အကြား သွားလာရေး ခက်ခဲသော ကျေးလက်နေပြည်သူ(၄၀၀၀၀)ကျော်ကို အကျိုးပြု

မှာ ဖြစ်တဲ့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ကြောင်းနှင့် ခွင့်ပြုငွေ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြပေးသွားရန် သဘောတူညီခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ (က) မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ငွေးချို - ထောက်မ - စာရပေ - စောင်းတန်းကြီး - ဝါးရှိ - နတ်ရွာ - ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက် မြို့တက်လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ရာသီမရွေး သွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ။ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ခရိုင်ချင်းဆက်လမ်းနှင့် အုန်းပင်ကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်း (၁)မိုင်ခွဲအား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌွေး က ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ခရိုင်ချင်းဆက်လမ်းနှင့် အုန်းပင်ကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်း (၁)မိုင်ခွဲအား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးခင်မောင်ဌွေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌွေး ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်မှာရှိတဲ့ ခရိုင်ချင်းဆက်လမ်းနဲ့ အုန်းပင်ကျေးရွာ သို့ ဆက်သွယ်တဲ့ မြေသားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျောက်ချောလမ်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီး မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ အုန်းပင်ကျေးရွာအုပ်စုမှာ ကျွန်တော်တို့ အုန်းပင်အရှေ့ရွာ၊ အုန်းပင်အနောက်ရွာ၊ တောင်ပိုသာရွာ၊ သကြားဟင်းအိုးရွာ ဆိုပြီးတော့ ကျေးရွာ(၄)ရွာ ပါဝင်ပါတယ်။ ဒီကျေးရွာ(၄)ရွာက အိမ်ခြေပေါင်း(၁၀၈၅)အိမ်ခြေရှိပြီးတော့မှ လူဦးရေအားဖြင့် စုစုပေါင်း(၄၆၂၅)ဦးခန့်လည်းရှိနေကြပါတယ်။ အုန်းပင်ကျေးရွာအုပ်စုရှိ ပြည်သူအများစုကတော့ စိုက်ပျိုးရေးကို လုပ်ကိုင်နေကြတဲ့ တောင်သူများဖြစ်ပါတယ်။

အဲဒီ အုန်းပင်ကျေးရွာဟာ တပ်ကုန်းမြို့နဲ့ (၁၆)မိုင်ကွာဝေးတဲ့ ကျေးရွာတစ်ရွာဖြစ်ပြီးတော့မှ တပ်ကုန်းမြို့ကို သွားမယ်ဆိုရင်လည်းပဲ ခရိုင်ချင်းဆက်လမ်းကို တစ်ဆင့်သွားရောက်ပြီးတော့မှ အဲဒီက မှတစ်ဆင့် မြို့ပေါ်ကိုရောက်အောင် ဆက်ပြီးသွားကြရတာဖြစ်ပါတယ်။ အုန်းပင်ရွာနဲ့ခရိုင်ချင်း ဆက်လမ်း အခြေအနေဟာ မြေသားလမ်းအဆင့်သာရှိပြီးတော့မှ ကျွန်တော်တို့ မိုးတွင်းကာလမှာ ကျောင်းသား၊ ကျောင်းသူများသွားလာဖို့ ခက်ခဲမှုရှိနေခြင်း၊ ဒေသထွက်သီးနှံကုန်များ ပေးပို့ရာမှာ ခက်ခဲခြင်း၊ အဓိက ကတော့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ဆေးရုံ၊ ဆေးခန်း သွားလာကြရာမှာ မိုးတွင်း ကာလများမှာ အတော် ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ရတာကို သိခဲ့ရပါတယ်။

အဲဒီဒေသကလည်းပဲ လမ်းပန်းဆက်သွယ်ရေးသာ ကောင်းမွန်မယ်ဆိုရင် တခြားဒေသ၊ တခြားမြို့နယ်တွေလိုပဲ ဖွံ့ဖြိုးတိုးတက်မှု အရသာကို ပြည်သူများအနေနဲ့ ခံစားကြရမှာဖြစ်ပါ တယ်။ လက်ရှိ ကျွန်တော်တို့ အုန်းပင်ကျေးရွာနဲ့ ခရိုင်ချင်းဆက်လမ်းအထိ ဆက်သွယ်ထားတဲ့ မြေသားလမ်း အရှည်ကတော့ ကျွန်တော်တို့ (၁)မိုင်ခွဲခန့်ရှိပါတယ်။ အဲဒီမြေသားလမ်းကို နွေ၊ မိုး၊ ဆောင်းသွားလာနိုင်ဖို့ အတွက် ကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးရန်ကိုလည်းပဲ ကျေးရွာမှာရှိကြတဲ့ ပြည်သူများက လိုလား တောင့်တလျက် ရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းက တော့ ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာနဲ့ ခရိုင်ချင်းဆက်လမ်းကို ဆက်သွယ် ထားတဲ့ မြေသားလမ်း (၁)မိုင်ခွဲအား ကျောက်ချောလမ်းအဖြစ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဧရာဝတီတိုင်း ဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၊ နောက် မကွေးတိုင်း အမှတ်(၉)မဲဆန္ဒနယ်မြေက ဦးသော်ဇင်ဦး၊ မကွေးတိုင်း အမှတ်(၈)မဲဆန္ဒနယ်မြေက ဦးတင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၁၀) မဲဆန္ဒနယ်က ဦးခင်မောင်ဌေး တို့ရဲ့ ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို မေးမြန်းချက်တွေအပေါ်မှာ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများ တစ်ဦးချင်းစီရဲ့ မေးမြန်းချက်တွေကို ဒုတိယဝန်ကြီး၊ ဦးခင်မောင်အေး ကနေ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အခုလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေး မေးမြန်းပြီးတော့ တင်ပြပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီးဌာနကိုယ်စား ကျွန်တော်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း-ညောင်ကျိုးလမ်းပေါ်မှာရှိတဲ့ ဆင်သေကျေးရွာနဲ့ ယက္ကန်းစင်ကျေးရွာသို့ ဆက်သွယ်ထားတဲ့ ဆင်ပုံချောင်းတံတား အရှည်ပေ(၁၀၀) ရှိပြီးတော့မှ ကျေးရွာ(၆၀)မှာရှိတဲ့ လူဦးရေ(၁၆၂၀၂)ကို အကျိုးပြုပါတယ်။ အဲဒီတံတားကို သံကူကွန်ကရစ်တိုင်၊ သံဘောင်ယက်မ၊ သစ်သားကြမ်းခင်း တည်ဆောက်မယ်ဆိုလို့ရှိရင် ငွေကျပ်သန်းပေါင်း(၆၀)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ရန်ပုံငွေစုစုပေါင်း ကျပ်သန်းပေါင်း(၂၄၈၅၀.၇၃၉)သန်း ကျွန်တော် ခွင့်ပြုဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီထဲမှာမှ အင်္ဂပူမြို့နယ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်း ပေါင်း(၁၁၆၇.၅၅၅)သန်းဖြင့် ကျောက်ချောလမ်း (၁၁)မိုင် (၇)ဖာလုံ၊ မြေသားလမ်း(၁၂)မိုင်၊ (၂)ဖာလုံနဲ့ သစ်သားတံတား(၂၇၇)ပေ၊ ရေပွန်(၂၀)ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းလာတဲ့ အင်္ဂပူမြို့နယ်၊ ဆင်သေချောင်းကျေးရွာနဲ့ ယက္ကန်းစင်ကျေးရွာကို ဆက်သွယ်ထားတဲ့ ဆင်ပုံချောင်းတံတားဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ခွင့်ပြုထားခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ လတ်တလောမှာလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဥ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မြေကအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်အတွင်းရှိတဲ့ ကန်တော်၊ကန်ရပ်၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်၊ အနောက်ချောက်ကန် ကျေးရွာချင်းဆက်တဲ့လမ်း အရှည်(၁၂)မိုင် (၆)ဖာလုံ မြေသားလမ်းဖြစ်ပါတယ်။ ကျေးရွာ(၁၁)ရွာ၊ အိမ်ခြေ(၂၃၅၉)အိမ်နဲ့ လူဦးရေ(၂၁၅၇၉)ဦး အကျိုးပြုမှာဖြစ်ပါတယ်။ အဲဒီလမ်းကို မြေသားလမ်းပြုပြင်ခြင်း (၂)မိုင် ငွေကျပ်(၄.၂၈)သန်း၊ ကျောက်ချောလမ်းပြုပြင်ခြင်း (၃)မိုင် (၇)ဖာလုံ ငွေကျပ်(၁၉.၃၇၅)သန်း၊ ရေကျော်(၆၅၀)ပေ ငွေကျပ်(၁၃၀)သန်း၊ ကျောက်ချောလမ်းခင်းခြင်း (၈)မိုင် (၇)ဖာလုံ ငွေကျပ်(၅၁၇.၉၄၅)သန်း စုစုပေါင်းငွေကျပ်(၆၇၁.၆၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၁၄၅၀၈.၈၃)သန်းနဲ့ ခွင့်ပြုပြီးတော့မှ လမ်းတံတားကိစ္စများကို ကျွန်တော်တို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်အနေနဲ့လည်း ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၁၁၉၃.၁၀၈)သန်းဖြင့် ကျောက်ချောလမ်း (၂၆)မိုင်၊ (၄)ဖာလုံနဲ့ မြေသားလမ်း (၁၁)မိုင် (၁)ဖာလုံ ဆောင်ရွက်ဖို့ ကျွန်တော် ခွင့်ပြုပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ကန်တော်၊ ကန်ရပ်၊ ကျောက်စရစ်ကန်၊ ဘုန်းကန်၊ မန်ကျီးကန်၊ အနောက်ချောက်ကန်ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုထားခြင်းမရှိသေးပါကြောင်းနဲ့ လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

နောက် တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ဂွေးချို - ထောက်မ - စာရပေ - စောင်းတန်းကြီး - ဝါးရှိ - နတ်ရွာ - ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက်လမ်း အရှည်(၁၆)မိုင်ရှိ လူသွားလမ်းဖြစ်ပြီး ကျေးရွာ(၉)ရွာ၊ အိမ်ခြေ(၁၄၆၀)၊ လူဦးရေ(၆၆၇၅)ဦးတို့ အကျိုးပြုမှာဖြစ်ပါတယ်။ အဲဒီလမ်းကို မြေသားလမ်းဖောက်လုပ်ပါက ငွေကျပ်(၂၈၆.၀၈)သန်း၊ ကျောက်ချောလမ်းခင်းပါက ငွေကျပ်(၈၉၆.၈၀)သန်း စုစုပေါင်းငွေကျပ် (၁၁၈၂.၈၈)သန်း ကုန်ကျမှာဖြစ်ပါတယ်။

အထက်က ကျွန်တော် တင်ပြပြီးခဲ့တဲ့အတိုင်း မကွေးတိုင်းဒေသကြီးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၁၄၅၀၈.၈၃)သန်းနဲ့ လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်ရန် ကျွန်တော်တို့ ခွင့်ပြုပြီး ဖြစ်ပါတယ်။ ဆင်ပေါင်ဝဲမြို့နယ် တစ်မြို့နယ်တည်းအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၇၁၀.၃၉၅)သန်းဖြင့် မြေသားလမ်း(၄၈)မိုင် (၃)ဖာလုံ၊ သစ်သားတံတား(၆၀)ပေနဲ့ ရေပြွန်(၄၈၀)ပေ တို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းက ဂွေးချို - ထောက်မ - စာရပေ - စောင်းတန်းကြီး - ဝါးရှိ - နတ်ရွာ - ဆင်ပေါင်ဝဲ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းကို ကျွန်တော်တို့ ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုထားခြင်း မရှိသေးပါကြောင်းနဲ့ လတ်တလောမှာလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။

နောက် စတုတ္ထအနေနဲ့ ကျွန်တော်တို့ မေးမြန်းထားတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မြေက ဦးခင်မောင်ဌေး ရဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် အုန်းပင်ရွာနဲ့ ခရိုင်ချင်းဆက်လမ်းကို ဆက်သွယ်တဲ့ မြေသားလမ်း အရှည်(၁)မိုင်(၄)ဖာလုံ လက်ရှိအခြေအနေမှာ လှည်းလမ်းအဆင့်သာဖြစ်ပါတယ်။ အကျိုးပြုကျေးရွာ(၄)ရွာဖြစ်ပြီးတော့မှ အိမ်ခြေ(၁၀၇၀)၊ လူဦးရေ(၄၅၁၃)ဦးတို့ကို အကျိုးပြုပြီး အဲဒီလမ်းအရှည်(၁)မိုင်(၄)ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ်(၁၀၂.၃၆) သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ(၉၆၆.၄၁)သန်းဖြင့် လမ်းတံတားများ တည်ဆောက်ဖို့ကို ကျွန်တော်တို့ ဆောင်ရွက် ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ တပ်ကုန်းမြို့နယ် တစ်မြို့နယ်အနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၇၅.၀၀)သန်းဖြင့် မြေသားလမ်း(၅)မိုင် ဆောင်ရွက်ဖို့ ခွင့်ပြုပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ အုန်းပင်ရွာနဲ့ ခရိုင်ချင်းဆက်လမ်း မြေသားလမ်း အရှည် (၁)မိုင် (၄)ဖာလုံကို မွေးမြူရေး၊ ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုထားခြင်း မရှိသေးပါကြောင်းနဲ့ လတ်တလောမှာလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများ မေးမြန်းတဲ့အခါမှာ ယခု ၂၀၁၅ ခုနှစ်က ပထမအကြိမ် လွှတ်တော်ရဲ့ ဒါ နောက်ဆုံးနှစ် ဖြစ်ပါတယ်။ နောက်ဆုံးနှစ် ဖြစ်တဲ့အတွက် နောက်ဆုံးနှစ်အတွင်းမှာ ဆောင်ရွက်မယ့်ကိစ္စတွေဟာ ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်း ဥပဒေကြမ်းမှာ ပါမှ အဲဒါမှာပါမှ ဘတ်ဂျက်မှာ ပါမယ်။ အဲဒီတော့ ဘတ်ဂျက်မှာ မပါလို့ရှိရင် ကျွန်တော်တို့ မမီတော့ပါဘူး။ မမီတော့တဲ့အတွက် အခုမှ နောက်ကျပြီးတောင်းဆိုတဲ့ကိစ္စတွေဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျတော့ လွှတ်တော်ကလည်း အသစ်၊ အစိုးရအဖွဲ့ကလည်း အသစ်ဖြစ်သွားပါပြီ။ ဒါပေမဲ့ တကယ့်တကယ်လိုအပ်တဲ့ ကိစ္စဆိုလို့ရှိရင်တော့ ဆောင်ရွက်သင့်သောကိစ္စအဖြစ် မှတ်တမ်းတင်ထားပေးပါရန် ဆိုရင်တော့လည်း ဝန်ကြီးဌာနတွေက မှတ်တမ်းတင်ထားပေးလို့ ရမယ်ပေါ့။ မိမိတို့လက်ထဲမှာ အခု ရောက်နေပြီးသားဖြစ်တဲ့၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာမှ မပါလို့ရှိရင် ဒီနှစ်အတွင်း မှာလုပ်ပေးပါလို့ တောင်းဆိုလို့ မရတော့ဘူးဆိုတာလေး သတိထားဖို့ လိုပါတယ်။ ဒါကြောင့် တင်ထားတဲ့ မေးခွန်းတွေနဲ့ ပြန်ပြီးတော့စိစစ်ပါ၊ တောင်းဆိုတဲ့အခါမှာလည်း လုပ်ပေးပါလို့ တောင်းဆိုလို့ ဒီ ဘတ်ဂျက်၊ ဒီ အမျိုးသား စီမံကိန်းဥပဒေကြမ်းမှာ မပါရင် မရဘူး ဆိုတာလေးတော့ သိထားဖို့ လိုပါတယ်။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၁ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါကအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ်ပြင်ဆင်ချက် -

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်း လိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) မီးသတ်တပ်ဖွဲ့ ဆိုသည်မှာ မီးသတ်ဦးစီးဌာန ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် အရန် မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ တို့လည်း ပါဝင်သည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့ ဆိုသည်မှာ မီးသတ်ဦးစီး ဌာနကလေ့ကျင့်သင်ကြားပြီး ဖွဲ့စည်း တည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော စေတနာ့ဝန်ထမ်းများ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဂ) သီးသန့်မီးသတ်တပ်ဖွဲ့ ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့ အစည်းနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြား ချက် အရဖြစ်စေ၊ ခွင့်ပြုချက် အရဖြစ်စေ၊ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်း တည်ထောင်ထားသည့် မီးသတ် တပ်ဖွဲ့ကို ဆိုသည်။

(ဃ) မီးဘေးလုံခြုံရေးဆိုသည်မှာ မီးဘေးအန္တရာယ်အသိပညာပေးရေး၊ ကြိုတင် ကာကွယ် ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အခြားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက် ခြင်း လည်းပါဝင်သည်။

(င) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာဆိုသည်မှာ မီးဘေးလုံခြုံရေးအတွက် အသုံးပြု သည့် မီးလှန့်အချက်ပေးပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာအာရုံခံပစ္စည်းကိရိယာ၊ အရေးပေါ် လွတ်မြောက်မှုအတွက် အသုံးပြုသောပစ္စည်းကိရိယာ၊ မီးငြိမ်းသတ်ရာ ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ မီးကာ နှင့် မီးသတ်ဝတ်စုံ အမျိုးမျိုး ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန် အသုံးပြုနိုင်သော အခြားပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ် တပ်ဖွဲ့က အသုံးပြုနေသည့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ကိရိယာများ

နှင့် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်း ကိရိယာများလည်း ပါဝင်သည်။

(စ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းဆိုသည်မှာ မီးလောင်လွယ်သော ပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချို့ယွင်း ပျက်စီးနေသော သို့မဟုတ် လျှပ်စစ် စီးဝင်နေသော လျှပ်စစ်ပစ္စည်းကိရိယာ၊ အရက်ပျံ၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊သစ်နှင့် သစ်အခြေခံပစ္စည်း၊ စက္ကူနှင့် စက္ကူ အခြေခံပစ္စည်း၊ ရာဘာနှင့်ရာဘာအခြေခံပစ္စည်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်အခြေခံပစ္စည်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကို ဖြစ်ပေါ်စေသော ပစ္စည်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ် ဖြစ်စေတတ်သည့် ပစ္စည်းအဖြစ်သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဆ) မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းဆိုသည်မှာ မီး၊လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေး အန္တရာယ် ဖြစ်စေတတ်သည့်ပစ္စည်းများ အသုံးပြုသော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ လုပ်ငန်းနှင့် ဆက်စပ်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်းပါဝင်သည်။

(ဇ) ပေါက်ကွဲစေတတ်သည့် ပစ္စည်းဆိုသည်မှာ ဓာတုဗေဒပစ္စည်း၊ ပေါက်ကွဲမှုကို ဖြစ်ပေါ်စေနိုင်သော အရာဝတ္ထုပစ္စည်း၊ယမ်း သို့မဟုတ် ယမ်းအသုံးပြုထားသော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေါက်ကွဲစေတတ်သော ပစ္စည်းအဖြစ် အခါအားလျော်စွာ သတ်မှတ် သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဈ) မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းဆိုသည်မှာ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စရပ်များ စစ်ဆေးခြင်းကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂(က)(ခ)(ဂ) (ဃ)(င)(စ)(ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ) (ဃ)(င)(စ)(ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃ (က)(င)

၃။ (က) နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏အသက် အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီး ဆုံးရှုံးမှု မဖြစ်ပွားစေရေး အတွက် ကာကွယ်ပေးရန်၊

(င) နိုင်ငံတော် လုံခြုံရေး၊ ပြည်သူတို့၏အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် လိုအပ်ပါက ပါဝင်ကူညီ ဆောင်ရွက်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် အပိုဒ် ၃(က)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၄ (က)(၃)(၄)အပိုဒ် ၄ (ခ)

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်းရမည် -

(၃) နေပြည်တော်ကောင်စီဝင်တစ်ဦး — အဖွဲ့ဝင်

ဟု ပြင်ဆင်ထားပါတယ်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ — အဖွဲ့ဝင်

ဟု ဖြည့်စွက်ထားပါတယ်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ (က)(၃)(၄)အပိုဒ် ၄(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ (က)(၃)(၄) အပိုဒ် ၄(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြတ်ဉာဏစိုး က မိုက်တောင်းထားတာလား။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈(ခ)

၈။ (ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းပြုလုပ်လိုပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉ (ဃ)၊ အပိုဒ် ၁၂

၉။ (ဃ) အရန်မီးသတ်တပ်ဖွဲ့ အဆင့်ဆင့်၏ အထောက်အပံ့ပစ္စည်းနှင့် ငွေကြေးများကို လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း နည်းလမ်းများကို သတ်မှတ်ရမည်။

၁၂။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့သည် လိုအပ်ပါက အရန်မီးသတ် တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၉ (ဃ)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(ဃ)၊ အပိုဒ် ၁၂သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃ (က)(ခ)

၁၃။ (က) မီးသတ်ဦးစီးဌာနသည် စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော သီးသန့်မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်လိုပါကမီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၁၃ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅(ဂ)၊ အပိုဒ် ၁၇(က)

၁၅။ (ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝ ဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သောအခါ ဗဟိုအဖွဲ့က ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် အညီ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များအားလုံးပါဝင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

၁၇။ (က) သုံးထပ်နှင့် အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင် အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများဆောက်လုပ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅(ဂ)၊အပိုဒ် ၁၇(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅(ဂ)၊အပိုဒ် ၁၇ (က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၁၊ အပိုဒ် ၂၂ (ခ)

၂၁။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင် ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံး စုံစမ်းစစ်ဆေး၍ အဆင့်ဆင့်တင်ပြရမည်။

၂၂။ (ခ) ပုဒ်မခွဲ(က)အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ ပုဒ်မ၂၁ အရပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကို ရပ်ဆိုင်း၍ စုံစမ်းစစ်ဆေး ပြီးစီးသည်အထိ စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ လွှဲအပ်တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊အပိုဒ် ၂၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃ (ဈ)

၂၃။ (ဈ) မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂၃(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၈၊ အပိုဒ် ၃၁၊ အပိုဒ် ၃၃

၂၈။ မည်သူမျှ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ လက်ရောက်မှုပြုခြင်း မပြုရဟု ဖြည့်စွက်ထားပါတယ်။

၃၁။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြောင်းလဲ ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ။

၃၃။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့်မီးသတ်တပ်ဖွဲ့ဝင်မျှ တံစိုးလက်ဆောင်ကို သော် လည်းကောင်း၊ ပိုင်ရှင်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ အခြားပစ္စည်း သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို သော်လည်းကောင်း ရယူခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၃ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၀၊ အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉

၃၄။ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မ၃၀ နှင့် ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၇၊ ပုဒ်မ ၂၈နှင့် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မီးသတ်တပ်ဖွဲ့ဝင် မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၃၉။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေး ကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆(က)

၄၂။ အရန်မီးသတ် တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ် တပ်ဖွဲ့ဝင်တို့သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အပိုဒ် ၅(ဂ) ကို ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၅(ဂ) ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

**မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့မှ ပြင်ဆင်အဆိုပြုချက်များကို မဆွေးနွေးခင်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စာရင်းပညာ မွေးထုတ်ရာ အရင်းအမြစ်နယ်ပယ်ကလေးကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ အခုကျွန်တော်တို့နိုင်ငံမှာ စာရင်းပညာများကို သင်ကြားပေးနေတဲ့ အရင်းအမြစ် နယ်ပယ်ဟာ ကျွန်တော်တို့ သမဝါယမကောလိပ်၊ သမဝါယမ တက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်များ အစရှိပြီးတော့မှ ကျွန်တော်တို့ ပြည်တွင်းကပညာရပ်များကို သင်ကြားပို့ချ မွေးထုတ်နေသလို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများက ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဖြေလို့ရတဲ့ နိုင်ငံခြားဘွဲ့အသီးသီး၊ နိုင်ငံတကာမှာ သွားရောက်ပြီးတော့ တက်ရောက်နေတဲ့ ဘွဲ့အသီးသီး ဒီလိုပုဂ္ဂိုလ်တွေကလည်း နိုင်ငံခြားကနေပြီးတော့မှ စာမေးပွဲဖြေလို့အောင်မြင်တဲ့ စာရင်းပညာရှင် တွေလည်း ရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ပြဌာန်းထားတဲ့ဥပဒေတွေနဲ့အရ နိုင်ငံခြားကနေပြီးတော့မှ၊ ကျွန်တော်တို့မြန်မာနိုင်ငံကိုလာရောက်ပြီးတော့မှ စာရင်းပညာနဲ့ပတ်သက်ပြီးတော့မှ အသက်မွေးဝမ်းကြောင်းလုပ်တဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီတော့ အုပ်စုအနေနဲ့ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပြည်တွင်းက မွေးထုတ်ထားတဲ့စာရင်းပညာ အရင်းအမြစ်တွေ၊ ပြည်တွင်းနိုင်ငံသားတွေကနေပြီးတော့မှ နိုင်ငံတကာမှာရှိတဲ့ ဘွဲ့တွေကို ဖြေဆိုပြီးတော့မှ အောင်မြင်ထားတဲ့ ပုဂ္ဂိုလ်တွေ၊ နောက်တစ်ခုက နိုင်ငံခြားကလာရောက်ပြီးတော့ လုပ်ကိုင်တဲ့အဖွဲ့(၃)ခု ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအဖွဲ့(၃)ခုမှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သင်နေတဲ့အဖွဲ့တွေထဲမှာ ကျွန်တော်တို့ဒီပလိုမာစာရင်းကိုင် သင်တန်း

ရှိပါတယ်။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း ရှိပါတယ်။ အဲဒီတော့ ဒီပလိုမာ စာရင်းကိုင်သင်တန်း ကလည်း သူနဲ့အဆင့်လျော်ညီတဲ့၊ သူ့ရဲ့လုပ်ငန်းတွေကို သူဆောင်ရွက်နိုင်သလို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကလည်း သူ့အဆင့်နဲ့လျော်ညီတဲ့ သူ့ရဲ့လုပ်ငန်းရပ်တွေကို လုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်တို့ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ၁၉၇၄ ခုနှစ်က စပြီးတော့မှ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ရှိခဲ့တယ်။ နောက် ၁၉၇၉ ခုနှစ် အဲဒီဥပဒေနဲ့ အဲဒီဥပဒေကို ရုပ်သိမ်းပြီးတော့မှ ၇၉ ခုနှစ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ ဆိုပြီး ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ အဲဒီလိုပြဋ္ဌာန်းခဲ့တဲ့နေရာမှာ အခုကျွန်တော်တို့ ဖြစ်ပေါ်တိုးတက်လာတဲ့ အပြောင်းအလဲ နိုင်ငံတော်စီးပွားရေး အခြေအနေတွေနဲ့ ပတ်သက်လို့ ပြုပြင်ရန် လိုအပ်တဲ့အတွက် ဒီမြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်ဖို့ တင်ပြလာခြင်း ဖြစ်တယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒီတင်ပြလာတဲ့ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအပေါ်မှာ ပြင်ဆင်ဖို့ အတွက် အဆိုပြုချက်တွေကို ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခန်း(၁)၊ ပုဒ်မ ၂(ဇ) စာရင်းပညာရှင်ဆိုသည်မှာ ပြည်သူ့ စာရင်းကိုင် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုစာရင်းပညာရှင် လက်မှတ်ရရှိထားပြီး ကောင်စီက စိစစ်ခွင့်ပြုထားသော သူကို ဆိုသည် ဆိုပြီးတော့မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ပြီးတော့မှ ရေးဆွဲထားပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် ဆိုတဲ့ဝေါဟာရကို လက်မှတ်ရ စာရင်းကိုင်နှင့်ပြည်သူ့စာရင်းကိုင် ဆိုပြီးတော့မှ ဝေါဟာရ အဓိပ္ပာယ်သက်ရောက်အောင် ဖော်ပြနေတဲ့အတွက် အဲဒီရဲ့ဝေါဟာရတွေကိုတော့ လက်မှတ်ရပြည်သူ့ စာရင်းကိုင် ဖွင့်လှစ်ထားတဲ့ သင်တန်းတွေနဲ့ လျော်ညီအောင် ဒီ အခေါ်အဝေါ်လေးကိုတော့ ပြင်ဆင်ဖို့ သင့်တယ်လို့ ကျွန်တော် အဆိုပြုတင်ပြလိုပါတယ်။

အဲဒီတော့ (ဇ) ကို ကျွန်တော် ပြင်ဆင်ချင်တဲ့အကြောင်းအရာကတော့ ခုနက ကျွန်တော် တင်ပြခဲ့သလိုပဲ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စာရင်းအုပ်စုရှိမယ်။ မြန်မာနိုင်ငံစာရင်းကောင်စီအရ ဖွင့်လှစ်လို့ ဖြစ်ပေါ်လာခဲ့တဲ့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ရှိမယ်။ နိုင်ငံခြားဘွဲ့တွေကိုဖြေတဲ့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ရှိမယ်။ နိုင်ငံခြားကနေပြီးတော့မှ ဘွဲ့တွေရခဲ့ပြီးတော့မှ ပြည်တွင်းမှာ အလုပ်လာလုပ်တဲ့အခါကျတော့ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုထားတဲ့ ပုဂ္ဂိုလ်တွေ ရှိပါမယ်။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်တွေ(၃)ဦးစလုံးဟာ စာရင်းပညာရှင် ဖြစ်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ စာရင်းပညာရှင်ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ် ရရှိပြီး စာရင်းကိုင်အလုပ်သင်ကာလပြီးမြောက်သူ ကျွန်တော်တို့စာရင်းကိုင် အလုပ်သင်ကာလက ကျွန်တော်တို့ ခေတ်တုန်းကဆိုရင်တော့ (၂)နှစ်သတ်မှတ်ထားပါတယ်။ အဲဒီကာလပြီးမြောက်သူ သို့မဟုတ် နိုင်ငံခြားစာရင်းပညာဘွဲ့၊ စာရင်းပညာရှင် လက်မှတ် တစ်ခုခုရရှိထားသည့် နိုင်ငံသားအား ကောင်စီက လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် စိစစ်ခွင့်ပြုထားသူ သို့မဟုတ် နိုင်ငံခြားသား စာရင်းပညာရှင်အား ကောင်စီက လက်မှတ်ရပြည်သူ့ စာရင်းကိုင်အဖြစ် စိစစ်ခွင့်ပြုထားသူကို ဆိုသည်ဆိုတဲ့ အပိုဒ်နဲ့ကို ပြင်ချင်ပါတယ်။

နောက် ပုဒ်မ ၂(ည) မူလဥပဒေမှာကတော့ လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လို့ ပေးထားပါတယ်။ ဒီမှာအမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကတော့ လက်မှတ်ရစာရင်းကိုင်

ဆိုသည်မှာ ဆိုပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နောက် အဲဒီအပိုဒ်ဟာဆိုလို့ရှိရင် သက်ဆိုင်ရာ သင်တန်းတွေရဲ့ အပိုင်းအောက်မှာ ပါပြီးသား ဖြစ်တဲ့အတွက် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မလိုတဲ့ အတွက် ပယ်ဖျက်ရန်တင်ပြအပ်ပါတယ်။ နောက် (ဋ) ပြည်သူ့စာရင်းကိုင်ဆိုသည်မှာ မူရင်းဥပဒေမှာ ကတော့၊ မူလတင်ပြတဲ့ဥပဒေမှာကတော့ လက်မှတ်ရပြည်သူ့စာရင်းကိုင်ပြည့်ဆိုပြီးတော့မှ ပြောထား ပါတယ်။ နောက် အဲဒါကို ဒီသင်တန်းရဲ့ပေးထားတဲ့ အောက်မှာပြန်လည်ပြီးတော့မှ ပါဝင်နေတဲ့အတွက် နောက် ဒါကို၊ ဒီအပိုဒ်ကိုလည်း ပယ်ဖျက်ဖို့ အဆိုပြုတင်ပြအပ်ပါတယ်။ ကျွန်တော်ပယ်ဖျက်မှာ (၂)ချက် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ စာရင်းလုပ်ငန်း လုပ်ကိုင်သူဆိုသည်မှာဆိုတဲ့ အချက် ကို ပြင်ဆင်ဖို့ ကျွန်တော်တင်ပြထားပါတယ်။ စာရင်းလုပ်ငန်းနယ်ပယ်အလိုက်နော် ဒီ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းမှာတော့ တစ်ခုချင်း ကျွန်တော်တို့ ဖော်ထားပါတယ်။ အဲဒီမှာ စာရင်း လုပ်ငန်းနယ်ပယ်အလိုက်ဆိုပြီးတော့မှ ထည့်လိုက်ခြင်းအားဖြင့် ဒီ စကားစုဟာ သိပ်သည်းပြီးတော့ သွား မယ်လို့ ထင်တဲ့အတွက် ကျွန်တော်စာရင်းလုပ်ငန်းနယ်ပယ်အလိုက် ဤဥပဒေအရ ခွင့်ပြုသည့် စာရင်း လုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကို ဆိုသည်ဆိုပြီးတော့မှ ကျွန်တော်က ပြင်ချင်ပါတယ်။

နောက် (၂) (ဒ) နိုင်ငံခြားသား စာရင်းပညာရှင်ဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော်ရဲ့ အဆိုပြု ပြင်ဆင်ချက်ကို တင်ပြသွားပါမယ်။ နိုင်ငံခြားသား စာရင်းပညာရှင်ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ် ရပ်အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းတို့ ချုပ်ဆိုသော စာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအမံများအရသော် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စာရင်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနဲ့အညီ မှတ်ပုံတင်ခွင့်ပြု ထားသည့် နိုင်ငံခြားသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကို ဆို သည် ဆိုပြီးတော့မှ ပြင်ဆင်ဖို့ ကျွန်တော်တင်ပြအပ်ပါတယ်။

နောက် မှတ်ပုံတင်အရာရှိ ဆိုတာနဲ့ ပတ်သက်လို့ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရစာရင်း ကိုင်လို့ ဒီဥပဒေကြမ်းကော်မတီ ကနေပြီး ပြင်ဆင်ထားပါတယ်။ ခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ လက်မှတ်ရ စာရင်းကိုင်နဲ့ ပြည်သူ့စာရင်းကိုင်ဆိုပြီးတော့မှ (၂)ပိုင်း ကွဲနေတဲ့အတွက် မှတ်ပုံတင်အရာ ရှိဆိုသည်မှာ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်၊ စာရင်းကိုင်အလုပ်သင်ကာလ ပြည့်မြောက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ အလုပ်သင်စာရင်းကိုင်၊ စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများ စာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ စာရင်းကို မှတ်ပုံတင် ထိန်းသိမ်းခြင်းနဲ့ လိုအပ်သလို ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်နိုင်ရန် ကောင်စီက ခန့်အပ်ထား သူကို ဆိုသည် ဆိုပြီးတော့မှ ကျွန်တော်အဆိုပြုတင်ပြအပ်ပါတယ်။

နောက် အခန်း(၄)၊ ပုဒ်မ ၄ (ဇ) ကျွန်တော်တို့ မြန်မာနိုင်ငံ လက်မှတ်ရစာရင်းကိုင်များ အသင်းဆိုပြီးတော့ ဖွဲ့စည်းပုံမှာ လက်မှတ်ရစာရင်းကိုင်များအသင်းလို့ ဖြစ်နေတဲ့အတွက် မူလ သင်တန်းတွေနဲ့အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းရဲ့ နာမည်နဲ့အညီ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များ အသင်းလို့ ပြင်ဆင်ပေးပါရန် ကျွန်တော်မှတင်ပြအပ်ပါတယ်။

နောက် ကျွန်တော်တို့ မြန်မာနိုင်ငံလက်မှတ်ရ စာရင်းကိုင်များ အသင်းက နေပြီးတော့မှ ကိုယ်စားလှယ်ကောင်စီဝင် (၆)ဦး၊ အခြားကောင်စီဝင် (၅)ဦး ဆိုပြီးတော့မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များမှ ဖွဲ့စည်းထားသည့် ကော်မတီများမှ (၆)ဦး၊ ကျွန်တော်တို့ မြန်မာနိုင်ငံ စာရင်းကောင်စီ ကနေပြီးတော့ ဖွဲ့စည်းထားတဲ့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်မှာ ကော်မတီ(၈)ခု ရှိပါတယ်။ အဲဒီ ကော်မတီ (၈)ခုက နေပြီးတော့မှ ဒီမှာ အဖွဲ့ဝင်လာဖြစ်မှသာလျှင် သူ့ရဲ့လုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ပိုမိုအဆင်ပြေမှာ ဖြစ်တဲ့အတွက် အဲဒီဟာကို ကျွန်တော်ပြင်ဆင်ဖို့ တင်ပြအပ်ပါတယ်။

နောက် အခြားကောင်စီဝင်(၅)ဦး ဆိုတာကတော့ ဒါ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတိုင်းပဲ ကျွန်တော်က သဘောတူပါတယ်။ နောက် ကျွန်တော်တို့ အခေါ် အဝေါ်နဲ့ ပတ်သက်လို့ လက်မှတ်ရစာရင်းကိုင်နဲ့ ပြည်သူ့စာရင်းကိုင်ဆိုတာကို လက်မှတ်ရပြည်သူ့ စာရင်းကိုင်လို့ ခေါ်ဝေါ်ပေးဖို့။

နောက် ပုဒ်မ ၁၄၊ ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ နဲ့ ၁၅ မှာ ကျွန်တော်တို့ အသင်းသည် ကောင်စီက အသိအမှတ်ပြုထားသည့် အမျိုးသားအဆင့် စာရင်းပညာရှင် အဖွဲ့အစည်းဖြစ်သည် ဆိုတာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ နောက် ပုဒ်မ ၁၅ အသင်းသည် ဤဥပဒေ၏ ရည်ရွယ်ချက်များ အထမြောက်အောင်မြင်စေရန် စီမံဆောင်ရွက်သည့် လုပ်ငန်းစဥ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည် ဆိုတာကိုလည်း ပယ်ဖျက်ထားပါတယ်။ အဲဒီ ပယ်ဖျက်ချက်ကို ကျွန်တော်ကတော့ ပြန်လည်ထည့်သွင်းပေးဖို့ အဆိုပြုတင်ပြအပ်ပါတယ်။ ဘာကြောင့် ပြန်လည်ထည့်သွင်းပေးဖို့ အဆိုပြုတင်ပြရသလဲဆိုလို့ရှိရင် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင် များအသင်းကို အခြား အာဆီယံနိုင်ငံများမှာရှိတဲ့ စာရင်းပညာရှင် အဖွဲ့အစည်းများ နည်းတူ အမျိုးသား စာရင်းပညာရှင် အဖွဲ့အစည်း National Accouting Board အဖြစ် ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းပြီး အသိအမှတ်ပြုရန် လိုအပ်လို့ ဖြစ်ပါတယ်။ ဒါမှသာ သီးခြား လွတ်လပ်တဲ့ အမျိုးသား စာရင်းပညာရှင် အဖွဲ့အစည်း ဖြစ်လာပြီးတော့ နိုင်ငံတကာ စာရင်းကိုင်များအသင်း International Federation of Accountants နဲ့ အာရှနဲ့ ပစိဖိတ် စာရင်းကိုင်များအသင်း၊ Confederation of ASEAN and Pacific Accountants များသို့ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ယင်းအဖွဲ့ကို ဝင်ရောက်နိုင်မှသာ မြန်မာနိုင်ငံစာရင်းပညာရှင်များအနေဖြင့် ကမ္ဘာ့အဆင့်အတန်းမီ စာရင်းပညာရှင်များအဖြစ် အသိအမှတ် ပြုခံရပြီးတော့မှ ကမ္ဘာ့ဘဏ် (World Bank) နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund ) စသည်တို့က ဆောင်ရွက်တဲ့ စီမံကိန်းများမှာ ဝင်ရောက်ပြီးတော့မှ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ထို့အတူ အာဆီယံနိုင်ငံများနဲ့ ရေးထိုးထားတဲ့ နှစ်ဦးနှစ်ဘက် အသိအမှတ်ပြုရေး သဘော တူစာချုပ် (Mutual Recognition Agreement ) နဲ့ အမျိုးသားစာရင်းပညာရှင်အဖြစ် အဖွဲ့အစည်း ဖွဲ့စည်းပြီးတော့မှ အသိအမှတ်ပြုခံရသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်းမှ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တွေဟာ ဒီ အာဆီယံနိုင်ငံရဲ့ ASEAN Committee Coordination Services CCS) သို့ တင်ပြပြီးတော့မှ စာရင်းကိုင်များအဖြစ် အာဆီယံလက်မှတ်ရ စာရင်းကိုင်များ အဖြစ်နဲ့ Asean Chartered Professional Accountants ဖြစ်လာပြီးတော့မှ အာဆီယံနိုင်ငံတွေမှာ

သွားရောက်ပြီးတော့မှ စာရင်းကိုင် လုပ်ငန်းများ သွားရောက်လုပ်ကိုင်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပုဒ်မ ၁၄ နဲ့ ပုဒ်မ ၁၅ ကို ပြန်လည်ထည့်သွင်းပေးဖို့ တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ပုဒ်မ ၁၇၊ ကျွန်တော်အဆိုပြု တင်ပြချက်များကိုပဲ ကျွန်တော်ဖတ်ကြားသွားပါတော့မယ်။ ပုဒ်မ ၁၇(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ စာရင်းလုပ်ငန်း ဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့် တွဲဖက်၍ ပညာရှင် အင်အားတူအဖြစ် ပါဝင်ဆောင်ရွက်ရ မည်။ အဲဒီမှာ ကျွန်တော်တို့ ဒီက အမျိုးသား ဥပဒေကြမ်းကော်မတီက ပူးပေါင်း ကျွန်တော်တို့က တွဲဖက်၊ အဲဒီ တွဲဖက် ဆိုတဲ့ စကားလုံးနဲ့ ပူးပေါင်းစကားလုံးရဲ့ ကွာဟချက်ကြောင့် ကျွန်တော်တို့ အပြောင်းအလဲ ဖြစ်သွားနိုင်တဲ့အတွက် မူလအတိုင်းပဲ တွဲဖက်၍ဆိုတာကို တင်ပြခြင်း ဖြစ် ပါတယ်။ ဒါနဲ့ ပတ်သက်လို့ စာရင်းကောင်စီ အသင်းကလည်း သက်ဆိုင်ရာ လွှတ်တော်ကို တင်ပြတဲ့ စာတစ်စောင် ရှိပါတယ်။ အဲဒီ တင်ပြတဲ့ စာကလည်း ပြည်ထောင်စုလွှတ်တော်ကို တင်ပြထားတဲ့ အတွက် ဒီအတိုင်းပဲ ကျွန်တော်တို့က ပြန်လည်ပြီးတော့မှ ပြောင်းလဲသင့်တယ်လို့ ကျွန်တော် အဆိုပြု တင်ပြအပ်ပါတယ်။

နောက် ကော်မတီများကို ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း ဆိုပြီးတော့ ပုဒ်မ ၁၉(က) ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် အခြားလိုအပ်သော ကော်မတီများကို ကော်မတီဝင် များ၊ နိုင်ငံသားလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့် နိုင်ငံသား စာရင်းပညာရှင်များနှင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

ပုဒ်မ ၂၀(က)၊ ကောင်စီသည် အောက်ဖော်ပြပါ အဖွဲ့နှင့် ကော်မတီဝင်များ၊ နိုင်ငံသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သော နိုင်ငံသားစာရင်းပညာရှင်များဖြင့် ကိစ္စရပ် အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်လို့ ပြင်ဆင်သင့်ကြောင်း ကျွန်တော် အဆိုပြုတင်ပြအပ် ပါတယ်။

၂၈၊ ကောင်စီသည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲ အောင်မြင်သူ များကို လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်အပ်နှင်းရမည်။ ၃၀၊ ကောင်စီ သည် ဒီပလိုမာ စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် စာရင်းကိုင်အလုပ် သင်ကာလ ပြည့်မြောက်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်း တိုးခွင့် ပြုရမည်လို့ ပြင်ဆင်ဖို့ အဆိုပြုထားပါတယ်။

၃၂ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် စာရင်းကိုင် အလုပ်သင်ကာလ ပြည့် မြောက်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် စာရင်း ကိုင်သည်ဆိုပြီးတော့မှ ရှေ့ကကျွန်တော်တို့ အခေါ်အဝေါ်လေးကို ပြန်လည်ပြောင်းလဲဖို့အတွက် တင်ပြခြင်း၊ အဆိုပြုခြင်း ဖြစ်ပါတယ်။

အခန်း(၁၂)၊ ကျွန်တော်တို့ မူလ ပုဒ်မ ၄၆၊ နိုင်ငံအများစုက အသိအမှတ်ပြုထားသည့် နိုင်ငံခြား စာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင်လက်မှတ် တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် စာရင်းကိုင် အလုပ်သင် လုပ်သက် ပြည့်မြောက်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ်ပြုနိုင် သည်။

ကောင်စီက အသိအမှတ်ပြုသည့် နိုင်ငံခြား စာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်း များကို ကောင်စီက ထုတ်ပြန်ကြေညာရမည်ဆိုပြီးတော့မှ ကျွန်တော်တို့ ပြင်ဆင်ဖို့ အဆိုပြုတင်ပြအပ် ပါတယ်။

နောက် ကျွန်တော်တို့ လက်မှတ်ရ စာရင်းကိုင်ဆိုတာကို လက်မှတ်ရပြည်သူ့စာရင်း ကိုင် ပုဒ်မ ၄၈၊ ၄၉ မှာ ပြင်ဆင်ပေးဖို့ အဆိုပြုတင်ပြအပ်ပါတယ်။

၅၂၊ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် စာရင်းပညာရှင်များ သည် စာရင်းပညာသင်ကြားမှုလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ စာရင်းပညာသင်ကြားမှုလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်ဆိုပြီးတော့မှ အဆိုပြု ပြင်ဆင် ပေးဖို့ တင်ပြအပ်ပါတယ်။

၅၃၊ စာရင်းပညာရှင်များသာ ကျွန်တော်တို့ အများနှင့်ဆိုင်သောလုပ်ငန်းတွေကို စာရင်း ပညာ လုပ်ငန်းနယ်ပယ်(၄)ခုမှာ အများနဲ့ဆိုင်သော လုပ်ငန်းတွေကိုတော့ ကျွန်တော်တို့ သီးသန့်ခွင့်ပြု ချက်ဖြစ်ပါတယ်။ အဲဒီ ခွင့်ပြုထားတာနဲ့အညီ စာရင်းပညာရှင်များသာ၊ ခုနက စာရင်းပညာရှင်ထဲမှာ အဖွဲ့ (၃)စုပါ ပါတယ်။ အဲဒီ (၃)စုထဲပါတဲ့ ပုဂ္ဂိုလ်တွေကသာ အများနဲ့ဆိုင်သော စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိသည် ဆိုပြီးတော့မှ ကျွန်တော်ပြင်လိုပါတယ်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနဲ့အညီ ကောင်စီသို့ လျှောက်ထားရမည်။

နောက် ပုဒ်မ ၆၀(ဂ)၊ ပုဒ်မ ၆၄၊ ၆၅၊ ၇၀။ အဲဒီမှာ ပြည်သူ့စာရင်းကိုင်ဆိုတဲ့ စကားလုံးများကို လက်မှတ်ရပြည်သူ့စာရင်းကိုင် ဆိုပြီးတော့မှ ပြင်ဆင်ပေးဖို့ အဆိုပြုတင်ပြအပ်ပါတယ်။

နောက် ကျွန်တော်တို့ ခေါင်းစဉ်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရစာရင်းကိုင် များ၊ ပြည်သူ့စာရင်းကိုင်များ၊ စာရင်းကိုင် အလုပ်သင်များ၏ ကျင့်ဝတ်သိက္ခာနဲ့ ရပိုင်ခွင့်များ ဆိုပြီး တော့မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စကားလုံး ကျစ်လစ်သိပ်သည်းသွားအောင် စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းကိုင် အလုပ်သင် များ၏ တာဝန်ကျင့်ဝတ်သိက္ခာနဲ့ ရပိုင်ခွင့်များဆိုပြီးတော့မှ ပြင်ဆင်လိုပါတယ်။

နောက် အဲဒီလိုပဲ နည်းတူ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းကိုင် အလုပ်သင်များကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း ပိုမိုကျစ်လစ်သိပ်သည်းသွားအောင် ကျွန်တော် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပုဒ်မ ၈၀ မှာ စာရင်းကိုင်အလုပ်သင်၊ လက်မှတ်ရစာရင်းကိုင်၊ ပြည်သူ့စာရင်း ကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူဆိုပြီးတော့မှ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဖော်ပြထား ပါတယ်။ ဒီမှာ ကျွန်တော်တို့ ကျစ်လစ်သိပ်သည်းသွားအောင် စာရင်းကိုင် အလုပ်သင် စာရင်းလုပ်ငန်း လုပ်ကိုင်သူ ဆိုပြီးတော့မှ အဲဒီဝေါဟာရကို ကျွန်တော်တို့ ပြင်ဆင်ဖို့ အကြံပြု အဆိုပြု တင်ပြအပ်ပါတယ်။ ပြီးတော့ ပုဒ်မ ၈၂ ----------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဟုတ်ကဲ့၊ ကျွန်တော်တို့ ပုဒ်မ ၈၂(ခ)၊ ပုဒ်မ ၈၂(ဂ)၊ ပုဒ်မ ၈၄၊ ကျွန်တော်တို့ ပုဒ်မ ၉၆၊ အဲဒီလို ပုဒ်မတွေနဲ့ ပတ်သက်ပြီးတော့မှ အဆိုပြုချက်နဲ့ ပတ်သက်လို့တော့ ကျွန်တော် ဥပဒေကြမ်းကော်မတီကိုလည်း တင်ပြထားပါတယ်။ အဲဒီ တင်ပြချက်များနဲ့အညီ ကျွန်တော်ရဲ့ အဆိုပြုချက်၊ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ နံပါတ်(၁)ကတော့ ပညာရှင်ဆိုတဲ့ အသုံးအနှုန်းပေါ့၊ လက်မှတ်ရမယ်။ အလုပ် သင်ကာလပြီးမြောက်တာနဲ့ ပညာရှင်လို့ သတ်မှတ်ရင်တော့ ပညာရှင်တွေက ဗိုးပေါလအော ဖြစ်ကုန် မယ်။ ပညာရှင်ဆိုတဲ့ အသုံးအနှုန်းကတော့ ဘယ်ဘာသာရပ်မှာမဆို လွယ်လွယ်မသုံးသင့်ဘူး။ ထိုက် ထိုက်တန်တန်ပဲ သုံးသင့်တယ်။ ပညာရှင်ဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီးတော့၊ ဒါ တစ်ချက်ပေါ့။ လက်မှတ်ရ ဆိုတဲ့ ကိစ္စကတော့ ခင်ဗျားတို့ ဒါ အရိုးစွဲလာတဲ့ ဥစ္စာပေါ့၊ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ၊ လက်မှတ်ရဆိုတာ၊ Certify ဆိုတဲ့ ဥစ္စာက အတည်ပြုတာ၊ Especially and reading လို့ စာနဲ့ ရေးပြီးတော့ အတည်ပြုတာပဲ Certify ဆိုတာ၊ ဒါကြီးကို ဘာသာပြန်တာ လက်မှတ်ရ၊ လက်မှတ်ရဆိုတော့ ကျွန်တော်စိတ်ထဲမှာတော့ နိမ့်သွားတယ်လို့ပဲ ထင်တာပေါ့၊ လက်မှတ်ရလို့ ထည့်တဲ့အတွက် နိမ့်သွား တယ်လို့ ထင်တာပေါ့၊ လက်မှတ်မရလည်း လုပ်လို့ရတဲ့ အလုပ်ပဲ၊ ဥပမာ ဆရာဝန် Professional ၊ အင်ဂျင်နီယာတွေ လက်မှတ်ရလို့ မထည့်ဘူး။ သူတို့လည်း Certificated ရတာပဲ။ ပါရဂူလည်း Certificated ရတာပဲ။ လက်မှတ်ရလို့ မထည့်ဘူး။ စာရင်းကိုင်ကျမှ လက်မှတ်ရလို့ ထည့်တဲ့အတွက် နိမ့်သွားတယ်လို့ထင်တယ်။ Certificated of Public Accountant လည်း မဟုတ်ဘူးလေ၊ Certify ဟုတ်တယ်မဟုတ်လား။ Certify Public Accountant ဆိုတာ အတည်ပြုထားတာ၊ ဘာနဲ့အတည်ပြု တာလဲ။ စာနဲ့ ပေနဲ့ အတည်ပြုထားတာပဲ၊ လက်မှတ်ထုတ်ပေးတာ မဟုတ်ဘူး။ ဒီ အယူအဆတွေက ပြန်ဆွေးနွေးပေါ့၊ ခင်ဗျားတို့ရဲ့ Professional ဖြစ်ရင်တော့ ပြန်ဆွေးနွေးပေါ့၊ တစ်ခုပဲ ပညာရှင်ဆိုတာ ကတော့ ဗိုးပေါလအော မသုံးသင့်ဘူး။ ဟိုလူကလည်း ပညာရှင်၊ ဒီလူကလည်း ပညာရှင်။ ပညာရှင်ဆိုရင် တစ်ဖက်ကမ်းကို ခပ်နေရမယ်။ ထုံးလို ခြေ၊ ရေလိုနှောက် နိုင်ငံတကာရဲ့ ဘယ်ဘာသာရပ်မဆို၊ မည်သည့် စာရင်းအင်းနဲ့ ပတ်သက်လို့လည်း မည်သည့် ဘာသာရပ်မဆို ဘာဏ်နဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ ဟုတ်လား ဘာနဲ့ပဲဖြစ်ဖြစ်၊ တစ်ဖက်ကမ်းခပ်တယ် ဆိုရင်တော့ ပညာရှင်သုံးသင့်တာပေါ့။ ပညာရှင်ဘယ်အဆင့်မှာ သုံးသင့်တယ်ဆိုတာတော့ ပြန်စဥ်းစားဖို့ လိုတယ်။ ဟုတ်ပြီနော်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ် ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ) က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားအမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ) က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မတီဝင်များ အားလုံးကို ကျွန်တော်လေးစားစွာနှုတ်ခွန်းဆက်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်း ကော်မတီ)အနေနဲ့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ မှ ၂၁-၁၀-၂၀၁၀ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၃ အဖြစ်နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေမှာ အခန်းပေါင်း(၁၁)ခန်းနဲ့ ပုဒ်မပေါင်း (၆၁)ခု ပါခဲ့ပါတယ်။ လွှတ်တော်များ ပေါ်ပေါက်လာပြီးတော့ လွှတ်တော်အစည်းအဝေးများ ကျင်းပတဲ့ အခါမှာ လိုအပ်ချက်များ ရှိလာတဲ့အတွက်ကြောင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ဥက္ကဋ္ဌကြီး ရဲ့ တာဝန်ပေးချက်အရ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်မှာ စိစစ်ပြုစုပြီးတော့ တင်ပြ လာတဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု က ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်သို့ ၉-၃-၂၀၁၂ တွင် တင်သွင်းခဲ့ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေ ၂၆-၁၁-၂၀၁၂ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ်၂၄/၂၀၁၂၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အခန်းပေါင်း(၁၃)ခုနဲ့ အပိုဒ်ပေါင်း(၇၁)ခုပါတဲ့ လက်ရှိ ကျင့်သုံးနေတဲ့ တည်ဆဲဥပဒေ ဖြစ်ပါတယ်။

ယခုအခါမှာ လွှတ်တော်များ ဖွဲ့စည်းပုံပြောင်းသွားတာနဲ့ လုပ်ငန်းများ၊ တာဝန်များ ဆောင်ရွက်မှုပုံစံအရ လွှတ်တော်ရုံးများရဲ့ ဖွဲ့စည်းပုံပြောင်းလဲခြင်း၊ လွှတ်တော်သက်တမ်း သတ်မှတ် ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်စေရန်အတွက်လိုအပ်ခြင်း၊ ပြည်ထောင်စု လွှတ်တော်ရဲ့ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ ပြဋ္ဌာန်းရန် လိုအပ်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနဲ့ ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှုနဲ့ စပ်လျဉ်း၍ လည်းကောင်း၊ လွှတ်တော်သက်တမ်း (၁)ရပ်အတွင်း အစည်းအဝေးကျင်းပရာတွင် ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း

များနှင့် စပ်လျဉ်း၍လည်းကောင်း လက်တွေ့ကျင့်သုံးရာ၌ ဆီလျော်စေရန် တည်ဆဲဥပဒေကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင်က ပြန်လည်သုံးသပ်ပြီးတော့ ရေးဆွဲ တင်ပြလာခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။

ယခုပြင်ဆင်တင်သွင်းတဲ့ ဥပဒေကြမ်းမှာ အပိုဒ်ပေါင်း(၁၉)ပိုဒ် ပါရှိမှာ ဖြစ်ပြီးတော့ အဆိုပြု ပြဋ္ဌာန်းချက်များကို ကျိုးကြောင်းဖော်ပြချက်များနဲ့တကွ နောက်ဆက်တွဲဇယားများနဲ့ တင်ပြအပ်ပါ တယ်။ လွှတ်တော်မှ လက်ခံဆွေးနွေးနိုင်ပါရန် နည်းဥပဒေ ၁၅၄၊ အပိုဒ်(က)အရ အဆိုတင်သွင်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ အဆိုကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးခင်မောင်ရီ တင်သွင်းသည့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]